၄။ (မေး) (ဃ)ဝါကျ၌ "ဂါမဃာတ"ပုဒ်ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍၊ အပေါင်းဝိဂ္ဂဟ၌ ဥာဏ်နည်းအရ ကောက်ပြပါ။

(ဖြေ) ဟနနံ ဃာတော။ (ဃာတနံ ဃာတော) ၁-မှတ်။

ဂါမဿ ဃာတော ဂါမဃာတော။ ၁-မှတ်။

ဂါမဿ= ရွာကို။ ဃာတော= လုယက်ဖျက်ဆီးခြင်းတည်း။ ဂါမဃာတော-ရွာကိုလုယက်ဖျက်ဆီးခြင်း။

"ဂါမဿ ဃာတော"ကား ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ "ဂါမဃာတော"ကား ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၊ ဂါမ-ပုဒ် + ဃာတ-ပုဒ်။ ၁-မှတ်။

ဤ"ဂါမဃာတော"ဟူသော ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၌-

(က) ဂါမဟူသောဝိသေသနပုဒ်၏အရကား ရွာဖြစ်သည် မုချအားဖြင့်ရ၏။ ၂-မှတ်။

(ခ) ထိုရွာဖြစ်၏ လုယက်ဖျက်ဆီးခြင်းကြိယာနှင့် ကမ္မ+တဆ္ဌီ ကာရက+ကြိယာအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဥာဏ်ပစာအားဖြင့်ရ၏။ ၂-မှတ်။

(ဂ) "ဂါမဃာတော"ဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုမုချ၊ဥာဏ်ပစာတို့ဖြင့်မှတ်အပ်သော ရွာကိုလုယက်ဖျက်ဆီးခြင်းရ၏။ ၂-မှတ်။

၅။ (မေး) ဟဒယ၊ ကာသိ၊ ပဏ္ဍု၊ ဂါမ၊ ဗလိ-ပုဒ်တို့ကို ဓာတ်၊ ပစ္စယ ခွဲဝေပြပါ။

(ဖြေ) ဟဒယသည် ဟရ-ဓာတ် + ယ-ပစ္စည်းဖြစ်ပါသည်။ ၂-မှတ်။

ကသိသည် ကသ-ဓာတ် + က္က-ပစ္စည်းဖြစ်ပါသည်။ ၂-မှတ်။
ပန္တသည် ပထိဓာတ် + အ-ပစ္စည်းဖြစ်ပါသည်။
(တနည်း) ပထိဓာတ် + ဍုရာဒိဏေ-ပစ္စည်း + အ-ပစ္စည်းဖြစ်ပါသည်။ ၂-မှတ်။
ဂါမသည် ဂသ-ဓာတ် + မ-ပစ္စည်းဖြစ်ပါသည်။
(တနည်း) ဂါ-ဓာတ် + မ-ပစ္စည်းဖြစ်ပါသည်။ ၂-မှတ်။
ဗလိသည် ဗလ-ဓာတ် + က္က-ပစ္စည်းဖြစ်ပါသည်။ ၂-မှတ်။
မှတ်ချက်။ ။တနည်းနည်းမှန်လျှင် အမှတ်ပြည့်ပေးပါ။

၆။ (မေး) (ခ)ဝါကျဖြင့် သိစေအပ်သော အဌကထာဆရာ၏ အာဘောဂကို သံဝဏ္ဏနာနှင့် တွဲဖက်ဖော်ပြခဲ့ပါ။

(ဖြေ) 'ဥပ္ပါဋေန္တိ'ဖြင့် ဥပ္ပလဂန္ဓာ၌ ဥပ္ပလပုဒ်ကို 'ဥပ္ပါဋေန္တီတိ ဥပ္ပလာ'ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း(ဝိဂ္ဂဟပ်ပြအဘိဓာနတ္ထသံဝဏ္ဏနာ)။အ-ပစ္စည်း၏ ကတ္တုသာဓန အနက်၌ သက် သည်၏အဖြစ်ကိုလည်းကောင်း(ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ)။ ဥပ္ပဋဟုဆိုလိုလျက် နိရုတ္တိ နည်းဖြင့် ဋ-ကို လ-ပြု၍ ပြီးသည်၏အဖြစ်ကိုလည်းကောင်း(ဘာဝတ္ထသံဝဏ္ဏနာ) သိစေပါသည်။
သံဝဏ္ဏနာတစ်ချက် ၂-မှတ်စီ၊ ၆-မှတ်။

'တံ ဥပ္ပါဋေန္တိ'ဟူသော အပေါင်းသံဝဏ္ဏနာဖြင့် ဥပ္ပလဂန္ဓာဟူသော အပေါင်းပုဒ်ကို 'ဂန္ဓံ ဥပ္ပလာ ဥပ္ပလဂန္ဓာ"ဟု ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း (ဝိဂ္ဂဟပ်ပြ အဘိဓာနတ္ထ သံဝဏ္ဏနာ၊ သမာသလိင်္ဂတ္ထသံဝဏ္ဏနာ)။ 'ဂန္ဓုပ္ပလာ'ဟုဆိုလိုလျက် ဝဏ္ဏဝိပရိယာယ နည်းဖြင့် ရှေ့ နောက်ပြန်၍ 'ဥပ္ပလဂန္ဓာ'ဟုပြီးသည်၏အဖြစ်ကိုလည်းကောင်း (ဘာဝတ္ထသံဝဏ္ဏနာ) သိစေပါသည်။ ပါရာဇိကဏ် ပထမနေ့ (၁၃၇၅) သံဝဏ္ဏနာတစ်ချက် ၂-မှတ်စီ၊ ၄-မှတ်။

(တနည်း)'တံ ဥပ္ပါဋေန္တိ'ဖြင့် ဥပ္ပလဂန္ဓပစ္စတ္တိကာ၌ ဥပ္ပလဂန္ဓပုဒ်ကို "ဂန္ဓံ ဥပ္ပါဋေန္တီတိ ဥပ္ပလဂန္ဓာ'ဟု ကတ္တုသာဓနကိတန္တဒုတိယတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ (ဝိဂ္ဂဟပ်ပြအဘိဓာနတ္ထသံဝဏ္ဏနာ၊ သမာသလိင်္ဂတ္ထသံဝဏ္ဏနာ)။ အ-ပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်သည်၏အဖြစ် ကိုလည်းကောင်း (ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ)။ ဂန္ဓုပ္ပဋာ-ဟုဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဋ-ကို လ-ပြု၊ ဂန္ဓနှင့် ဥပ္ပလ ရှေ့နောက်ပြန်၍ ဥပ္ပလဂန္ဓာဟု ပြီးသည်၏အဖြစ်ကိုလည်းကောင်း ဘာဝတ္ထသံဝဏ္ဏနာ) သိစေပါသည်။
မှတ်ချက်။ ။ဤသို့ လဟုကနည်းဖြင့် အာဘောဖော်ကလည်း အမှတ်ပြည့်ပေးပါ။

၇။ (မေး) (ဃ)ဝါကျ၌ ကသိဝဏိဇ္ဇာဒီဟိ-ဝယ် ဝဏိဇ္ဇဟုလည်းကောင်း၊ ဝါဏိဇ္ဇဟုလည်းကောင်း ပါဌ်နှစ်တွေ့ရှိခဲ့သော် သင့်/မသင့် ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဖြေ) "ဝါဏိဇ္ဇန္တု ဝဏိဇ္ဇာထ"ဟုဆိုသော အဘိဓာန်ကို ထောက်၍ ဝါဏိဇ္ဇပုဒ်၊ ဝဏိဇ္ဇပုဒ်တို့သည် ကုန်သွယ်ခြင်း အနက်ဟော ပရိယာယ်တူပုဒ်များဖြစ်သောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။
အကြောင်းပြ ၅-မှတ်၊ ပါဌ်အဆုံးအဖြတ် ၅-မှတ်။

၈။ (မေး) (ဃ)ဝါကျ၌ "ပန္ထယာတဂါမယာတာဒီနိ"ဝယ် ပန္ထပုဒ်ကို နည်းဥပစာအားဖြင့် ဝေဖန်ပြပါ။

(ဖြေ) "ဌာနဿ နာမံ ဌာနီမှိ ဥပစာရော ဝေါဟာရော ဌာနူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ ဌာန၏ အမည်ကို ဌာနီ၌ တင်စား၍ ခေါ် ဝေါ်ခြင်းသည် ဌာနူပစာသဒ္ဒါမည်၏။ ပြယုဂ်ကား- "ပန္ထယာ-တဂါမ ယာတာဒီနိ"အစရှိသည်တည်း။ ၂-မှတ်။

ဤပြယုဂ်၌ ပန္နသဒ္ဒါသည် ဌာနဖြစ်သော လမ်းခရီး၏ပန္နဟူသောအမည်ကို ဌာနီဖြစ်သော လူဖြတ်၌ တင်စား၍ ဌာနီဖြစ်သော လူဖြတ်ကို ပန္နဟုခေါ်ဝေါ်ခြင်းကြောင့် ဌာနူပစာသဒ္ဒါမည်၏။ ၃-မှတ်။
မကောင်းရာကိုဆိုသဖြင့် မကောင်းတတ်သည်ကိုလည်း ရသောနည်းသည် နာနန္တရိကနည်းမည်၏။
ပြယုဂ် ကား "ပန္နဃာတကါမယာတာဒီနိ"အစရှိသည်တည်း။ ၂-မှတ်။
ဤပြယုဂ်၌ ပန္နဟူသောနည်းသည် ဌာနဖြစ်သော လမ်းခရီးတည်းဟူသော မကောင်းရာကိုဆိုသဖြင့် ဌာနီဖြစ်သော လူဖြတ်၌တည်းဟူသော မကောင်းတတ်သည်ကိုလည်းရသောကြောင့် နာနန္တရိကနည်း မည်၏။ ၃-မှတ်။

မှတ်ချက်။ ။"ဌာနကိုဆိုသဖြင့် ဌာနီကိုလည်းရသောနည်းသည် နာနန္တရိကနည်းမည်၏။ ပြယုဂ်ကား "ပန္နဃာတကါမယာတာဒီနိ"အစရှိသည်တည်း။ ဤပြယုဂ်၌ ပန္နဟူသောနည်းသည် ဌာနဖြစ်သော လမ်းခရီးကိုဆိုသဖြင့် ဌာနီဖြစ်သော လူဖြတ်ကိုလည်းရသောကြောင့် နာနန္တရိကနည်းမည်၏" ဤသို့ တင်လျှင်လည်း အမှတ်ပြည့်ပေးပါ။

၉။ (မေး) အောက်ပါ မြန်မာဘာသာတို့ကို ပါဠိဘာသာ ပြန်ဆိုခဲ့ပါ။
"ထိုဥပ္ပလဂန္ဓပစ္စတ္ထိကပုဂ္ဂိုလ်တို့သည် သီလရှိသောရဟန်းကို ဖမ်းယူကုန်၍ 'သီလရှိသောရဟန်းကို သတ်ခြင်းမည်သည် ဝန်လေး၏'ဟု မှတ်ထင်ကုန်၍ ထိုသီလရှိသောရဟန်း၏ သီလကို ဖျက်ဆီးခြင်းငှါ လူမိန်းမအစရှိသည်တို့ကိုမူလည်း ရှေးရှုဆောင်ကုန်၏။ ထိုရဟန်းကိုမူလည်း ထိုလူမိန်းမတို့ရှိရာအရပ်သို့ ဆောင်ကုန်၏"။

ပါရာဇိကကဏ် ပထမနေ့ (၁၃၇၃)

(ဖြေ) တေ သီလဝန္တံ ဘိက္ခုံ ဂဟေတွာ "သီလဝတော ဝဓော နာမ ဘာရိယော ဟောတီ"တိ မညမာနာ တဿ သီလဝိနာသနတ္ထံ မနုဿိတ္ထိအာဒိကေ ဝါ နေန္တိ၊ ၇-မှတ်။
တံ ဝါ တတ္ထ နေန္တိ၊ ၃-မှတ်။

၁၀။ (မေး) (ဂ)ဝါကျ၌ "ဥပ္ပလဂန္ဓပစ္စတ္ထိကာ"ဝယ် ပစ္စတ္ထိကာ၌ အန္တတ္ထအရကိုယူ၍ ပရိဝတ္တနဟာရနေတ္တိနည်းဖြင့် ဝေဖန်ပြပါ။
(ဖြေ) (နိဒါန်း) "ပရိဝတ္တိယန္တိ သုတ္တေ ဝုတ္တဓမ္မာ ဧတေနာတိ ပရိဝတ္တနော၊ ပရိဝတ္တနော စ သော ဟာရော စာတိ ပရိဝတ္တနဟာရော"ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ဟောအပ်သော ကုသလဓမ္မတို့ဖြင့် ထို၏ ပဋိပက္ခဖြစ်သော အကုသလဓမ္မတို့ကိုလည်းကောင်း၊ အကုသလဓမ္မတို့ဖြင့် ထို၏ ပဋိက္ခဖြစ်သော ကုသလဓမ္မတို့ကိုလည်းကောင်း ကင်းပျောက်စေ၍ ထိုကုသလဓမ္မ အကုသလဓမ္မလျှင် အကြောင်းရင်းရှိသော အကျိုးတရားတို့ကို လည်စေကြောင်းဖြစ်သောဟာရ သည် ပရိဝတ္တနဟာရမည်၏။ ၂-မှတ်။
(စတိုယ်) လည်စေဟန်ကား- ဥပ္ပလဂန္ဓပစ္စတ္ထိကာဝယ် ပစ္စတ္ထိကာ၌ အန္တတ္ထအရ နှလုံးသားကို ထုတ်ယူတတ်ကုန်သော ရန်သူပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဒေါသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကို လည်းကောင်း၊ ထိုအကုသိုလ်စိတ္တုပ္ပါဒ်၏အကြောင်းဖြစ်သော အယောနိသောမနသိကာရစသည်တို့ကို လည်းကောင်း ယူအပ်ကုန်၏။ ၃-မှတ်။

ထိုတရားတို့ကို ယူသဖြင့် ထိုတရားတို့၏ ပဋိပက္ခဖြစ်သော သဒ္ဓါ၊ အပ္ပမာဒ၊ ဝီရိယ၊ အလောဘ စသော ကုသိုလ်တရားတို့သည်လည်းကောင်း၊ ထိုကုသိုလ်တရားတို့၏အကြောင်းဖြစ်သော ယောနိသော မနသိကာရစသည်တို့သည်လည်းကောင်း၊ ကုသိုလ်တရားတို့လျှင် အကြောင်းရင်းရှိသော ပဇ္ဇုပ္ပန်, သံသရာ အကျိုးစီးပွါးတို့သည်လည်းကောင်း ပပျောက်ကင်းရှင်းကုန်၏။

၃-မှတ်၊

ထိုဒေါသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်လျှင် အကြောင်းရင်းရှိသော ပဇ္ဇုပ္ပန်,သံသရာ အစီးအပွါး မဲ့တို့သည် စည်ပင်ပြန့်ပွါးကုန်၏။ ၁-မှတ်။

**(နိဂုံး)** ဤသို့လျှင် သုတ်၌ ဟောအပ်သော တရားတို့၏ ပဋိပက္ခတရားတို့ကို ကင်းပျောက်စေ၍ အကျိုးတရားတို့ကို လည်စေကြောင်းဖြစ်သောဟာရသည် ပရိဝတ္တနဟာရမည်၏။ ၁-မှတ်၊

ဿဿ●ဧဧ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အစိုးရဓမ္မာစရိယစာမေးပွဲ

**စာစစ်တန်းရှိုးရှိုး။ ။ ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (ဒုတိယနေ့)**

၁၃၇၆-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇)ရက် (၂၆-၃-၂၀၁၅) ကြာသပတေးနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

..........................................................

**စာချတန်းရိုးရိုး**

(က) ရဇကတ္ထရဏံ ဂန္တွာတိ ရဇကတိတ္ထံ ဂန္တွာ။

(ခ) တဒိုး ယသ္မာ တတ္ထ ရဇကာ ဝတ္ထာနိ အတ္ထရန္တိ၊ တသ္မာ ရဇကတ္ထရဏန္တိ ဝုစ္စတိ။

(ဂ) ရဇကဘတ္တိကန္တိ ရဇကာနံ ဘတ္တိကံ။

(ဃ) ရဇကာ သာယန္ဟသမယေ/သာယဏှသမယေ နဂရံ ပဝိသန္တာ ဗဟူနိ ဝတ္ထာနိ ဧကေကံ ဘတ္တိကံ ဗန္ဓန္တိ တတော ဧကံ ဘတ္တိကံ တေသံ ပမာဒေန အပဿန္တာနံ အဝဟရိတွာ ထေနေတွာတိ အတ္ထော။

၁။ **(မေး)** စပ်သင့်သောပုဒ်များ ပြည့်စုံစွာဖြည့်စွက်၍လည်းကောင်း၊ အတ္ထော-၏ သမ္ဗန်ခံ၍လည်းကောင်း (ဃ)ဝါကျ ကိုသာ အနက်ပေးပါ။

**(ဖြေ)** ရဇကာ၊ ခဝါသည်တို့သည်။ သာယန္ဟသမယေ၊ နေ့၏ညချမ်းအခါ၌။ နဂရံ၊ မြို့သို့။ ပဝိသန္တာ၊ ဝင်ကုန်သည်ရှိသော်။ ဗဟူနိ၊ များစွာကုန်သော။ ဝတ္ထာနိ၊အဝတ်တို့ကို။ ဧကေကံ၊ တစ်ခုတစ်ခုသော။ ဘတ္တိကံ၊ ဘတ္တာ ထုပ်ကို။ ဗန္ဓန္တိ၊ ဖွဲ့ကြကုန်၏။ တတော ဘတ္တိကတော၊ မှ။ ဧကံ၊ သော။ ဘတ္တိကံ၊ ကို။ တေသံ ရဇကာနံ၊ တို့သည်။ ပမာဒေန၊ မေ့လျော့ခြင်းကြောင့်။ အပဿန္တာနံ၊ မမြင်ကြကုန်စဉ်။ အဝဟရိတွာ၊ ခိုးကြကုန်၍။ ထေနေတွာ၊ ခိုးကြကုန်၍။ (အာရာမံ၊ အာရာမ်သို့။ ဟရိတွာ၊ ဆောင်ကြကုန်၍၊ ဘာဇေသုံ၊ ဝေဖန်ကြ ကုန်ပြီ)။ ဣတိအယံ၊ ဤသည်ကား။ (အဝဟရိ- တွာတိပဒဿ၊ အဝဟရိတွာ ဟူသောပုဒ်၏)၊ အတ္ထော၊ အနက်တည်း။

**(စပ်ပုဒ် ၂-မှတ်၊ သမ္ဗန် ၂-မှတ်၊ ကျန် ၆-မှတ်)**

၂။ **(မေး)** (ခ)ဝါကျကို သာဘောဂပုဏ္ဏာ ကျမ်းတက်ပြပါ။

**(ဖြေ)** (ခ)ဝါကျကို သာဘောဂပုဏ္ဏာ

ဆရာ၊ ဆရာသည်။ (က)ဖြင့် ရဇကတ္ထရဏံ ဂန္တွာ-၌၊ ရဇကတ္ထရဏအရ ခဝါသည်တို့၏အဝတ်ကို ဖြန့်ခင်းရာ ခဝါဆိပ်ကို ယူရမည်ဟု ပြဆိုတော်မူ၏။ (ဝါ) ရဇကတ္ထရဏံ ကို။ ရဇကတိတ္ထံဟု ဖွင့်ဆိုတော်မူ၏။ **(၃-မှတ်)**

ပါဠိတော်၌ ရဇကတ္ထရဏံကို ရဇကတိတ္ထံ ဟု ဖွင့်ဆိုရာ၌ ထင်ရှားအောင် ပြဆိုသင့်သည်မဟုတ်ပါလော။ **(၃-မှတ်)**

ရဇကတ္ထရဏံကို ရဇကတိတ္ထံဟု ဖွင့်ဆိုရာ၌ ထင်ရှားအောင်ပြပုံကား အဘယ်ပါနည်း။

ရဇကတ္ထရဏံကို ရဇကတိတ္ထံဟု ဖွင့်ဆိုခြင်းသည် အသို့သင့်ရာပါအံ့နည်း။
အဘယ့်ကြောင့် ယင်းခဝါဆိပ်ကမ်းကို ရဇကတ္ထရဏဟု ဆိုအပ်ပါသနည်း။ **(၂-မှတ်)**

**အဓိပ္ပါယ်ကား။** ။(ခ)ဖြင့် ရဇကတ္ထရဏကို ရဇကတိတ္ထံဟု ဖွင့်ဆိုရာ၌ ထင်ရှားအောင် ငါပြလို၏ဟူလို။

(ဝါ) ရဇကတ္ထရဏကို ရဇကတိတ္ထံ ဟု ဖွင့်ဆိုရာ၌ အသင့်ယုတ္တိရှိပုံကို ငါပြဆို၏ဟူလို။

**(မှတ်ချက်။ ။တစ်နည်းနည်းမှန်က အမှတ်ပေးပါရန်။) (၂-မှတ်)**

၃။ **(မေး)** (ခ+ဂ+ဃ)ဝါကျတို့ကို အကြောင်းနှင့်တကွ ဝါကျအမည်ပေး၍ (ခ)ဝါကျရှိ တံ-ပုဒ်ကိုလည်း သဒ္ဒနယကျကျ စာစပ်ပြပါ။

**(ဖြေ)** (ခ) သည် ရဇကတ္ထရဏံကို ရဇကတိတ္ထံဟု ဖွင့်ဆိုရာ၌ ထင်ရှားအောင်ပြဆိုသောကြောင့် တပ္ပါကဋီကရဏဝါကျ။

**တစ်နည်း၊** ရဇကတ္ထရဏံကို ရဇကတိတ္ထံဟု ဖွင့်ရာ၌ အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစေသောကြောင့် ယုတ္တိ ဒဠှီကရဏဝါကျ၊

**တစ်နည်း၊** ခဝါဆိပ်ကမ်းကို ရဇကတ္ထရဏ ဟု ဆိုရခြင်း၏အကြောင်းကိုပြသောကြောင့် ကာရဏဝါကျ။ **(တစ်နည်းနည်းမှန်က ၂-မှတ်)**

(ဂ) သည် ရဇကတ္ထရဏပုဒ်အဖွင့်မှတစ်ပါး ရဇကဘဏ္ဍိကပုဒ်အဖွင့်ကို ပြသောကြောင့် ပက္ခန္တရဝါကျ။ **(၂-မှတ်)**

(ဃ) သည် ရဇကဘဏ္ဍိကပုဒ်အဖွင့်မှတစ်ပါး အဝဟာရိတဗ္ဗာပုဒ်အဖွင့်ကိုပြသောကြောင့် ပက္ခန္တရဝါကျ။ **(၂-မှတ်)**

(ခ) ဝါကျ တံကားကို ဟူ၍ အနက်ပေးသောကြောင့် ဝုတ္တတိ၌ ဝစဓာတ်၊ ယပစ္စည်း၊ တေ ဝိဘတ်ဟု ဆိုသောကြောင့် အာချတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ၊ ဝုစ္စတိကား ကံ၏ကြိယာ၊ (ဝါ) ထိုကံကို ဟောသော အာချာတ်ကြိယာဝါစကတည်း။

**(၂-မှတ်)**

၄။ **(မေး)** (ဂ)ဝါကျရှိ ဘဏ္ဍိက-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အပေါင်း ဝစနတ္ထကိုသာ ဆိုရိုးကျ ဉာဉ် ကောက် ပြပါ။

**(ဖြေ)** ဘဍိတဗ္ဗန္တိ ဘဏ္ဍံ၊ ဘဍီယတေတိ ဘဏ္ဍံ၊ ဘဏ္ဍန္တိ ပရိဘာသန္တိ သတ္တာ ဧတေနာတိ ဘဏ္ဍံ၊ ဘဏ္ဍံ ဧတ္ထ အတ္ထီတိ ဘဏ္ဍိကံ။ **(အစိတ်ဝိဂြိုဟ် ၁-မှတ်၊ အပေါင်းဝိဂြိုဟ် ၁-မှတ်)**

ဧတ္ထ ဧတသ္မိံ ဌာနေ၊ ထိုအရပ်၌။ ဘဏ္ဍံ၊ ဉစ္စာဘဏ္ဍာသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ ဌာနံ၊ သည်။ ဘဏ္ဍိကံ-မည်၏။ **(၁-မှတ်)**

ဘဏ္ဍံ ဧတ္ထ အတ္ထိ၊ ကား အသဿတ္ထိတဒ္ဓိတ်ဝိဂြိုဟ်၊ ဘဏ္ဍိကံကား အသဿတ္ထိတဒ္ဓိတ်ပုဒ်၊ ဘဏ္ဍာပုဒ် ဣက ပစ္စည်း၊ **(၁-မှတ်)**

ဘဏ္ဍာဟူသော တဒ္ဓိတ်ပုဒ်၏အရကား ဉစ္စာဘဏ္ဍာသည် မုချအားဖြင့် ရ၏။ **(၂-မှတ်)**

ထိုဥစ္စာဘဏ္ဍာ၏ တည်ရှိရာအရပ်နှင့် ဌာနီ+ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ အားဖြင့် ရ၏။ (၂-မှတ်)

ဣကပစ္စည်းအရကား ထိုမှချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော ဥစ္စာဘဏ္ဍာတည်ရှိရာ အရပ်ရ၏။ (၂-မှတ်)

၅။ **(မေး)** (က) ရဇက၊ (ခ) ပဝိသန္တ၊ (ဂ) ဗဟု-ပုဒ်တို့ကို ဓာတု, ပစ္စယ, လိင်, ဂဏ, အန္တ-တို့ဖြင့် ဝေဖန်ပြပါ။

**(ဖြေ)** (က) ရဉ္ဇဓာတ်၊ ဏွုပစ္စည်း၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ။ **(၃-မှတ်)**

(ခ) ပပုဗ္ဗဝိသဓာတ်၊ အန္တပစ္စည်း၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ။ **(၄-မှတ်)**

(ဂ) ဗဟဓာတ်၊ ဥပစ္စည်း၊ နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ။ **(၃-မှတ်)**

၆။ **(မေး)** (က+ခ)ဝါကျတို့ဝယ် အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်ပြ၍ သံဝဏ္ဏနာ အမည်ပေးပါ။

**(ဖြေ)** (က) ရဇကတိတ္ထံ၊ ဖြင့် ရဇကတ္ထရဏ အရ ခဝါသည်တို့၏အခင်းကို မယူရ၊ ခဝါသည်တို့သည် အဝတ်ကို ဖြန့်ခင်းရာ ဆိပ်ကမ်းကိုယူရမည်ဟု သိစေပါသည်။

(သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ) **(၃-မှတ်)**

(ခ) တတ္ထ ရဇက ဝတ္ထာနိ အတ္ထရန္တိ ဖြင့် ရဇကတ္ထရဏံ ဝယ် အတ္ထရဏံ၌ အာပုဗ္ဗထရဓာတ်၏ အဖြစ်ကို လည်းကောင်း (ဒု-ပစ္စယတ္ထ)၊ အတ္ထရန္တိ ဧတ္ထာတိ အတ္ထရဏံဟု အဓိကရဏ သာဓနဝစနတ္ထပြုရမည် ကိုလည်းကောင်း(အဘိဓာနတ္ထ)၊ ရဇကာနံ အတ္ထရဏံ ရဇကတ္ထ-ရဏံဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်-ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေပါသည်။ **(၅-မှတ်)**

တံ ရဇကတ္ထရဏန္တိ ဝုစ္စတိဖြင့် ရဇကတ္ထရဏအရ ခဝါဆိပ်ကမ်းကို ယူရမည်ဟု သိစေပါသည်။
(သရုပ်ကြား အဘိဓေယျတ္ထ) **(၂-မှတ်)**

၇။ **(မေး)** (ဃ)ဝါကျ၌ သာယန္ဟသမယေ/သာယဏှသမယေ-ဟူ၍ ပါဠ်နှစ်ထွေရှိရာ သင့်ရာပါဠ်ကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

**(ဖြေ)** သာယဏှ သမယေ/သာယန္ဟသမယေ ပါဠ်မှား၊ ပါဠ်မှန်
ပုဗ္ဗာပရဇ္ဇသာယမဇ္ဈေဟာ ဟဿ ဏှော၊ ပုဗ္ဗာဒီဟိ ပရဿ အဟဿ ဏှော ဟောတိ။ ပုဗ္ဗဏှော၊ အပရဏှော၊ အဇ္ဇဏှော၊ သာယဏှော၊ မဇ္ဈန္ဟဏှောဟူသော နိရုတ္တိဒီပနီကိုထောက်၍ သာယဏှ သမယေ သင့်ပါသည်။ **(၅-မှတ်)**

အဟဿ ပုဗ္ဗံ ပုဗ္ဗန္ဟံ၊ ဧဝံ သာယန္ဟံ၊ တေသု ဝုဒ္ဓိတိအာဒိနာ အဟဿ အန္ဟာဒေသော ဟူသော ရူပသိဒ္ဓိကို ထောက်၍ သာယန္ဟသမယေလည်း သင့်ပါသည်။ **(၅-မှတ်)**

၈။ **(မေး)** ရဇကတ္ထရဏံ-၌ ရသင့်သောနည်း၊ ပဝိသန္တာ-၌ ရသင့်သော ဥပစာတို့ကို ရေးပါ။

**(ဖြေ)** ရဇကတ္ထရဏံ-၌နည်း
ခဝါသည်တည်းဟူသော ဌာနီဖြင့် ဆိပ်ကမ်းတည်းဟူသော ဌာနကိုမှတ်၍ ခဝါသည်တည်းဟူသော အများကို ဆိုသဖြင့် ခဝါသည်မဟုတ်သူတည်းဟူသော အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်း။ **(၅-မှတ်)**

ပဝိသန္တာ-၌ဥပစာ

အနီး၌ရှိသော ဝင်ဆဲကာလ၏ ပဝိသန္တာဟူသောအမည်ကို အနီးဖြစ်သော ဝင်ခါနီးကာလ၌ တင်စား၍ အနီးဖြစ်သော ဝင်ခါနီးကာလကို ပဝိသန္တာဟု ဆိုသောကြောင့် သမီပျူပစာ (သမီပူပစာ)။ **(၅-မှတ်)**

၉။ **(မေး)** တစ်ပါးသောရဟန်း၏လည်း သီလကိုစောင့်ရှောက်ခြင်းမည်သည် နှိုင်းယှဉ်ခြင်းငှာ မတတ်ကောင်း၊ ရေတွက် ခြင်းငှာ မတတ်ကောင်း၊ မြေကြီး, သမုဒ္ဒရာ, ကောင်းကင်တို့သည် အလွန်ပြန့်ကုန်သကဲ့သို့ အလွန်ပြန့်၏၊ အဘယ်အကြောင်းကြောင့်သာလျှင် မြတ်စွာဘုရားသည် တစ်မတ်အတိုင်း အရှည်ရှိသော ဝတ္ထုဖြင့် ဖျက်ဆီး ဘိသနည်း- ဟူသော မြန်မာစကားရပ်ကို ပါဠိဝါကျ ရေးသားစီကုံးပါ။

**(ဖြေ)** သီလသံဝရော နာမ ဧကဘိက္ခုဿပိ အပ္ပမေယျော အသင်္ချေယျော မဟာပထဝီ သမုဒ္ဒ အာကာသာနိ ဝိယ အတိဝိတ္ထိဏ္ဏော၊ ကတဉ္စိ နာမ ဘဂဝါ ပါဒမတ္တကေန နာသေသိ။

(၄၊ ၂၅၇) **(၁၀-မှတ်)**

**(ဤပါဠိအတိုင်း မဟုတ်သော်လည်း သဒ္ဒါရေးမှန်ပါက အမှတ်ပေးပါရန်။)**

၁၀။ **(မေး)** (ယ)ဝါကျ အဝဟရိတ္ဗာ-၌ ဓာတွတ္ထ အရကို ခန္ဓောတရဏဟာရ နေတ္တိနည်း ထုတ်ပြပါ။

**(ဖြေ)** ဩတရိယန္တိ အနုပဝေသီယန္တိ ဧတေန သုတ္တာဂတမေဝ္ဟ ခန္ဓာဒီသူတိ ဩတရဏော၊ ဩတရဏော စ သော ဟာရောစာတိ ဩတရဏဟာရော ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသောတရားတို့ကို ခန္ဓာစသည် တို့၌ သွင်းကြောင်းဖြစ်သော ဟာရသည် ဩတရဏဟာရနေတ္တိနည်းမည်၏။ ထိုတွင် ခန္ဓာအားဖြင့် သွင်းခြင်းသည် ခန္ဓောတရဏဟာရနေတ္တိနည်းမည်၏။ ပြယုဂ်ကား အဝဟရိတ္ဗာ၊ တည်း။ **(၂-မှတ်)**

အဝဟရိတ္ဗာ၊ အဝပုဗ္ဗ ဟရဓာတ်အရ ထေယျစေတနာပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ် ကိုယူ၍ ထိုတွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက်သည် သင်္ခါရက္ခန္ဓာမည်၏။ လောဘမူစိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့ ခန္ဓာအား ဖြင့်သွင်းခြင်းသည် ခန္ဓောတရဏဟာရနေတ္တိ နည်းမည်၏ ဟူလို။ **(၈-မှတ်)**

ဿဿ☆ဿဿ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အစိုးရဓမ္မာစရိယစာမေးပွဲ

**စာစျတန်းရှိုးရှိုး ။ ။ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ(ဒုတိယနေ့)**

၁၃၇၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂)ရက် (25-3-2016) သောကြာနေ့
ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)
(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

.....................................................

(က) **သော ဇဝံ သမာဟိတေ စိတ္တေ**တိ ဣမဝ ဝိပဿနာပါဒကံ စတုတ္ထဈာနစိတ္တံ ဝေဒိတဗ္ဗံ။
(ခ) **အာသဝါနံ ခယဉာဏာယာ**တိ အရဟတ္တမဂ္ဂဉာဏတ္ထာယ။
(ဂ) အရဟတ္တမဂ္ဂေါ ဟိ အာသဝဝိနာသနတော အာသဝါနံ ခယောတိ ဝုစ္စတိ။
(ဃ) တတြ စေတံ ဉာဏံ, တပ္ပရိယာပန္နတ္တာတိ။

၁။ **(မေး)** အရဟတ္တမဂ္ဂဉာဏတ္ထာယ ပုဒ်၏ သဒ္ဒတ္ထ ထင်စေခြင်းနှင့်တကွ သမ္ဗန္ဓပုဒ်ထည့်၍ (ခ) ဝါကျကို အနက်ပေးပါ။

**(ဖြေ)** သဒ္ဒတ္ထထင်စေခြင်းနှင့်တကွ သမ္ဗန္ဓပုဒ်ထည့်၍ အနက်။
အာသဝါနံ ခယဉာဏာယာတိ၊ အာသဝါနံ ခယဉာဏာယဟူသည်ကား။ **(၂-မှတ်)**
အရဟတ္တမဂ္ဂ ဉာဏတ္ထာယ၊ အရဟတ္တဖိုလ်(ရဟန္တာ)၏ ဖြစ်ပေါ်လာကြောင်း ဖြစ်သော အရဟတ္တမဂ်၌ ဉာဏ်အကျိုးငှာ။ **(၄-မှတ်)**
စိတ္တံ၊ ဝိပဿနာစိတ်ကို။ **(၂-မှတ်)**
အဘိနိန္နာမေသိ၊ ရှေ့ရှုညွတ်စေပြီ။ **(၂-မှတ်)**

၂။ **(မေး)** (က) ဝါကျကို လီနတ္ထရစောဒနာကျမ်းတက်ပြပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)

**(ဖြေ)** (က) ဝါကျ လီနတ္ထရ စောဒနာတက်
အရှင်အဋ္ဌကထာဆရာ၊ မြတ်စွာဘုရားသည် **(၁-မှတ်)**
ပါရာဇိကကဏ္ဍ အာသဝက္ခယဉာဏကထာဝယ် သော ဇဝံ သမာဟိတေ စိတ္တေ ဟုဟောကြားတော်မူ၏။ **(၂-မှတ်)**
ယင်းပါဠိ၌ စိတ္တ-အရ အဘိညာပါဒက စတုတ္ထဈာန်စိတ်ကို ယူရပါမည်လော။ **(၃-မှတ်)**
ဤအရာ၌ အဘယ်စိတ်ကို ယူရပါမည်နည်း။ **(၁-မှတ်)**
ယူရမည့်စိတ်ကို မပြဆိုချေသော် မြတ်စွာဘုရားအပေါ်၌ သံဝဏ္ဏေတဗ္ဗ+ သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ **(၂-မှတ်)**

ဤသို့ စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို သောခနာခြင်းငှာ အလိုရှိတော်မူသော မြတ်စွာဘုရားသည် (က) ဝါကျကို မိန့်တော်မူ၏။ **(၁-မှတ်)**

**မှတ်ချက်။ ။ ဒေါ်သမတင်ပါက (၈)မှတ်သာပေးရန်။**

၃။ **(မေး)** (ခ) (ဂ) (ဃ) ဝါကျတို့ကို အကြောင်းပြဝါကျနာမည်ပေးပြီး "အရဟတ္တမဂ္ဂေါ"ပုဒ်ကို စာစပ်ပြပါ။

**(ဖြေ)** **ဝါကျခွဲ**

( ခ ) ပက္ခန္တရဝါကျ။

အကြောင်းကား-သော ဧဝံ သမာဟိတေ စိတ္တေဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်အဖို့မှတပါး အာသဝါနံ ခယဉာဏာယဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်အဖို့ တပါးကို ပြသောကြောင့်တည်း။ **(၂-မှတ်)**

( ဂ ) ယုတ္တိဒဠှီကရဏဝါကျ။

အကြောင်းကား-အာသဝါနံခယဉာဏ၏-အရ အရဟတ္တမဂ်ကို ကောက်ယူရာ၌ အသင့်ယုတ္တိအားဖြင့် ခိုင်မြဲအောင်ပြသောကြောင့်တည်း။ **(၂-မှတ်)**

(ဃ) ပက္ခန္တရဝါကျ။

အကြောင်းကား-အာသဝါနံ ခယ ဟူသော အစိတ်ပုဒ်၏ အဖွင့်အဖို့မှတပါး အာသဝါနံ ခယဉာဏ-ဟူသော အပေါင်းပုဒ်၏ အဖွင့်အဖို့တပါးကို ပြသောကြောင့်တည်း။

တစ်နည်းကား- (ဃ)ဝါကျာရမ္ဘဝါကျ။

အကြောင်းကား-ခယ ဉာဏ-ကို အဘယ်သမာသ်ဝစနတ္တပြုရပါမည်နည်းဟု စောဒနာဘွယ်ရှိ၍ ဆက်တက်လာသောကြောင့်တည်း။ **(၂-မှတ်)**

**စာစပ်**

အရဟတ္တမဂ္ဂေါ-ကား ကိုဟူ၍အနက်ပေးသောကြောင့် ဝုစ္စတိ၌ ဝုတ္တကံ။ ဝုစ္စတိ-ကား ဝုတ္တကံ၏ ကြိယာ။ **(၄-မှတ်)**

**မှတ်ချက်။ ဝါကျခွဲတစ်မျိုးမျိုးမှန်က အမှတ်ပြည့်ပေးရန်။**

၄။ **(မေး)** "မဂ္ဂေါ"ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္တပြု၍ အပေါင်းဝစနတ္တကိုသာ ညည်ကောက်ပြပါ။

**(ဖြေ)** မဂ္ဂေါ-ပုဒ် ညည်ကောက်- ကိလေသေ မာရေတီတိ မော။ နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ။ (အစိတ်ဝိဂ္ဂဟ) **(၂-မှတ်)**

မော စ သော ဂေါစာတိ မဂ္ဂေါ။ (အပေါင်းဝိဂ္ဂဟ) **(၂-မှတ်)**

မော စ၊ ကိလေသာကို သတ်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုကိလေသာကို သတ်တတ်၏ ဟူသည်။ ဂေါစ၊ နိဗ္ဗာန်သို့ သွားတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤနှစ်ပါးသောသတ္တိကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။ **(၁-မှတ်)**

မော စ သော ဂေါစာတိ-ကား ဝိသေသနောဘယပဒကမ္မဓာရည်းသမာသ်ဝိဂ္ဂြဟ်။ မဂ္ဂေါ-ကား ဝိသေသနောဘယပဒ ကမ္မဓာရည်းသမာသ်ပုဒ်။ မ-ပုဒ် ဂ-ပုဒ်။ **(၁-မှတ်)**

မ-ဟူသောဝိသေသနပုဒ်၏ အရကား ကိလေသာကို သတ်တတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် မုချအားဖြင့်ရ၏။ ထို၏ မင်္ဂနှင့် ဂုဏ်/ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရအားဖြင့် ရ၏။ ဂ-ဟူသော ဝိသေသနပုဒ်၏အရကား နိဗ္ဗာန်သို့ သွားတတ်သည်၏ အဖြစ်တည်းဟူသောဂုဏ်သည် မုချအားဖြင့်ရ၏။ ထို၏ မင်္ဂနှင့် ဂုဏ်/ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရအားဖြင့်ရ၏။ မဂ္ဂေါ-ဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုမုချဌာနူပစာရတို့ဖြင့် မှတ်အပ်သော မင်္ဂရ၏။ **(၄-မှတ်)**

**တစ်နည်းကား** - မ-ဟူသောဝိသေသနပုဒ်၏ အရကား ကိလေသာကို သတ်တတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် မုချအားဖြင့်ရ၏။

ဂ-ဟူသော ဝိသေသနပုဒ်၏အရကား နိဗ္ဗာန်သို့ သွားတတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် မုချအားဖြင့်ရ၏။ ထိုဂုဏ်နှစ်ပါး၏ မင်္ဂနှင့် ဂုဏ်/ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရအားဖြင့်ရ၏။ မဂ္ဂေါ-ဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုမုချဌာနူပစာရတို့ဖြင့် မှတ်အပ်သော မင်္ဂရ၏။

**မှတ်ချက်။ ။ ဆိုရိုးကျတစ်နည်းနည်းမှန်လျှင် အမှတ်ပြည့်ပေးရန်။**

၅။ **(မေး)** "မဂ္ဂေါ"ပုဒ်ဝယ် ရှေ့ပုဒ်, နောက်ပုဒ်, တစ်ပုဒ်လုံးတို့ကို ဓာတု+ပစ္စယ၊ "ဝုစ္စတိ"ပုဒ်ကို လိင်, ဂဏ ဝေဘန်ပြပါ။

**(ဖြေ)** မဂ္ဂေါ-၌ ရှေ့ပုဒ်, နောက်ပုဒ်, တစ်ပုဒ်လုံး ဓာတု+ပစ္စယ
မ-မရဓာတ် (ကာရိတ်ဏေပစ္စည်း) ကွိပစ္စည်း။ **(၂-မှတ်)**
ဂ-ဂမုဓာတ် ကွိပစ္စည်း။ **(၂-မှတ်)**
မဂ္ဂေါ-မဂ္ဂဓာတ် အပစ္စည်း။ တနည်း မာရေန္တသဒ္ဒူပပဒ (မ-သဒ္ဒူပပဒ)ဂမုဓာတ် ကွိပစ္စည်း။ **(၂-မှတ်)**
ဝုစ္စတိ- အလိင်။ **(၂-မှတ်)**
ဂဏဝိမုတ်(နော ဝိကရဏဂိုဏ်း)။ **(၂-မှတ်)**

၆။ **(မေး)** (ခ) ဝါကျကို အဋ္ဌကထာဘောဂပြု၍ သံဝဏ္ဏနာအမည်ပေးပါ။

**(ဖြေ)** (ခ) ဝါကျ အာဘောဂ သံဝဏ္ဏနာ
အရဟတ္တမဂ္ဂဉာဏတ္ထာယ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အာသဝါနံ ခယဉာဏအရ အရဟတ္တမင်္ဂဉာဏ်ကို ယူရမည်ဟု သိစေပါသည်။ သရုပ်ကြားအဘိဓေယျဖွင့်သံဝဏ္ဏနာ။ **(၃-မှတ်)**
အာယ-သည် စတုတ္ထီ ကေဝုစ် သဝိဘတ်၏ ကာရိယ၏အဖြစ်ကို သိစေပါသည်။ ဝိဘတ္တိပဒသံဝဏ္ဏနာ။ **(၃-မှတ်)**
ယင်းသ-ဝိဘတ်သည် တဒတ္ထသမ္ပဒါန်အနက်၌ သက်သည်၏အဖြစ်ကို သိစေပါသည်။ ဝိဘတျတ္ထသံဝဏ္ဏနာ။ **(၃-မှတ်)**

**မှတ်ချက်။ ။အာဘော်သံဝဏ္ဏနာအားလုံးမှန် (၁၀)မှတ်။**

၇။ **(မေး)** (ဂ) ဝါကျ၌ ဝုစ္စတိ/ ဝုစ္စန္တိ ဟု ပါဠိနှစ်မျိုးရှိကြရာ သင့်မြတ်ရာကို သဒ္ဒယုတ္တိပြ ဆုံးဖြတ်ပါ။

**(ဖြေ)** ဝုစ္စတိ/ ဝုစ္စန္တိ၊ ဝုစ္စတိ(ဝုစ္စန္တိ)ထားကြရာဝယ် ကံပုဒ်ကိုငဲ့၍လည်းကောင်း၊ အာကာရ ပုဒ်ကိုငဲ့၍ လည်းကောင်း၊ ပါဠိဂတိ ရေးထုံးရှိ၏။ ဤ၌ ကံပုဒ်ကား-အရဟတ္တမဂ္ဂေါ ဖြစ်၏၊ အာကာရပုဒ်ကား အာသဝါနံခယောတိ ဖြစ်၏။ နှစ်ပုဒ်လုံးသည် ဧကဝုစ် ဖြစ်သောကြောင့် ဝုစ္စတိဟု ဧကဝုစ်ရှိသော ပါဠိသာသင့်သည်။ **(၁၀-မှတ်)**

၈။ **(မေး)** (ခ) ဝါကျရှိ သံဝဏ္ဏနာတဗ္ဗပုဒ်၌ (ဂ) ဝါကျရှု၍ ရသင့်သောနည်း၊ (ဃ) ဝါကျရှု၍ ရသင့်သော ဥပစာတို့ကို ဆိုရိုးကျ ရေးပြပါ။

**(ဖြေ)** **နည်း၊ ဥပစာ၊**

(ဂ) ဝါကျရှု၊ ဥက္ကဋ္ဌနည်း ရသင့်တိုင်းကို မယူမူ၍ အလွန်အားဖြင့် ဆိုအပ်သော နည်းသည် ဥက္ကဋ္ဌနည်း မည်၏။ **(၂-မှတ်)**

ပြယုဂ်ကား = အာသဝါနံ ခယညာဏာယတည်း။ ဤပြယုဂ်၌ အာသဝါနံ ခယညာဏအရ အာသဝက္ခယ (၄)မျိုး (မဂ်လေးမျိုး)လုံးကို ယူသင့်သော်လည်း ဤ၌ အရဟတ္တမဂ်ကိုသာ အလွန်အားဖြင့် အာသဝါနံ ခယ ဟူ၍ဆိုအပ်သောကြောင့် ဥက္ကဋ္ဌနည်းမည်၏။ **(၃-မှတ်)**

(ဃ) ဝါကျရှု၊ အဘေဒဘေဒူပစာ= အဘေဒမ္ပိ ဘေဒံ ဝိယ ဥပစာရော ဝေါဟာရော အဘေဒူပစာရော ဟူသော ဝစနတ္ထနှင့်အညီ မပြားဘဲကို ပြားသကဲ့သို့ ဆိုသောသဒ္ဒါသည် အဘေဒဘေဒူပစာ သဒ္ဒါမည်၏။ **(၂-မှတ်)**

ပြယုဂ်ကား= အာသဝါနံ ခယညာဏာယဟူသည်တည်း။

ဤပြယုဂ်၌ အာသဝါနံခယ-အရနှင့် ဉာဏ-အရတို့မပြားဘဲကို ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒ ဘေဒူပစာ သဒ္ဒါမည်၏။ **(၃-မှတ်)**

၉။ **(မေး)** "သဒ္ဒေန၏အကျယ်ကိုဆိုဦးအံ့ ဖျိုင်းအောက်တို့၌ အဖိုမည်သည် မရှိ၊ ထိုဖျိုင်းအောက်တို့သည် ဥတုလာရာ အခါ၌ မိုး၏ အသံကို ကြားကုန်၍ ကိုယ်ဝန်ကို ယူကြကုန်၏။ ကြက်မတို့သည်လည်း တရံတခါ တစ်ကောင်သော ကြက်ဖ၏အသံကို ကြားကုန်၍ (ကြက်မ)အများတို့သည်လည်း ကိုယ်ဝန်ကို ယူကြကုန်၏"-ဟူသော မြန်မာစကားရပ်ကို ပါဠိဘာသာ သီကုံးပြပါ။

**(ဖြေ)** ဗလာကာသု ပန ပုရိသော နာမ နတ္ထိ၊ ဥတုသမယေ မေဃသဒ္ဒံ သုတ္ဝာ ဂဗ္ဘံ ဂဏှန္တိ။ ကုက္ကုဋိ- ယောပိ ကဒါစိ ဧကဿ ကုက္ကုဋဿ သဒ္ဒံ သုတ္ဝာ ဗဟုကာပိ ဂဗ္ဘံ ဂဏှန္တိ။ **(၁၀-မှတ်)**

**မှတ်ချက်။ ။သဒ္ဒါရေးမှန်ပါကလည်း အမှတ်ပြည့်ပေးပါရန်။**

၁၀။ **(မေး)** တပ္ပရိယာပန္နတ္တာဝယ် တ-အရကောက်ပြ၍ အတက်, အသက် သုံးမိုးစီမှု ပဒဌာနဟာရနေတ္တိနည်း ထုတ်ပြပါ။

**(ဖြေ)** ပဒဋ္ဌာနံ ဝိစာရေတိ ဧတေနာတိ ပဒဋ္ဌာနော၊ ပဒဋ္ဌာနော စ သော ဟာရော စာတိ ပဒဋ္ဌာန ဟာရော ဟူသော ဝစနတ္ထနှင့်အညီ-သုတ်၌ ဟောအပ်သောတရားတို့၏ ပဒဋ္ဌာန်ကိုရှာ၍

ဩဠာရိကာရုံဖြစ်ရာ ရုပ်ပိုင်းအကြောင်း၊ အာရုံအကြောင်းအားဖြင့်လည်းကောင်း **စိတ်စစ်ကြောင်း**
ဖြစ်သောကြောင့် ပဒဌာနဟာရ မည်၏။ **(၂-မှတ်)**

အဘယ်သို့ **စိတ်စစ်သနည်းဟူမူကား** တပွဲရိယာ ပန္နတ္တာ-ဝယ် တ-အရ အရဟတ္တ မဂ်ဉာဏ်ရ၏။
**(၂-မှတ်)**

ထို၏ ပဒဌာန်ကား-အောက်မဂ် အောက်ဖိုလ် ဉာဏ်တည်း။
ထို၏ ပဒဌာန်ကား- မဟာဝဇိရဉာဏ်တော်တည်း။
ထို၏ ပဒဌာန်ကား- အာနာပါန စတုတ္ထဈာန်တည်း။
ဤသို့ အောက်သက် ဩဠာရိကာရုံအားဖြင့်လည်းကောင်း။ **(၃-မှတ်)**

ထိုအရဟတ္တမဂ်ဉာဏ်သည် အရဟတ္တဖိုလ်၏ ပဒဌာန်တည်း။
ထိုသည် ပစ္စဝေက္ခဏာ ဉာဏ်၏ ပဒဌာန်တည်း။
ထိုသည် သဗ္ဗညုတဉာဏ်တော်၏ ပဒဌာန်တည်း။
ဤသို့ အထက်တက် အာရုံအားဖြင့်လည်းကောင်း။ **စိတ်စစ်ကြောင်းဖြစ်သောကြောင့်**
ပဒဌာနဟာရ နေတ္တိနည်းမည်၏ ဟူလိုသော်။ **(၃-မှတ်)**

ꩻꩻ●ꩻꩻ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အစိုးရဓမ္မာစရိယစာမေးပွဲ**

**စာချတန်းဖိုးဖိုး ။ ။ပါရာဇိကဏ်ပါဠိအဋ္ဌကထာ (ဒုတိယနေ့)**

၁၃၇၈-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက် (၂၃-၃-၂၀၁၇) ကြာသပတေးနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

..............................................................

(က) **အသဒ္ဓမ္မန္တိ** အသတံ နီစဇနာနံ ဓမ္မံ၊

(ခ) ဓောဟိ သောစိတဗ္ဗန္တိ အဓောဟ၊

(ဂ) **ဂါမဓမ္မန္တိ** ဂါမာနံ ဓမ္မံ၊

(ဃ) ဂါမဝါသိကမနုဿာနံ ဓမ္မန္တိ ဝုတ္တံ ဟောတိ။ ၄-၁၈၆

(င) **ဝသလဓမ္မန္တိ** ပါပဓမ္မေ ဝသန္တိ ပဂ္ဃရန္တီတိ ဝသလာ၊ တေသံ ဝသလာနံ ဟီနပုရိသာနံ ဓမ္မံ။

၁။ **(မေး)** (င)ဝါကျကို နိယမာနိယမ နည်းအားဖြင့် အနက်ပေးပြပါ။

**(ဖြေ)** ဝသလဓမ္မန္တိ၊ ဝသလဓမ္မံဟူသည်ကား။ **ယေ ဟီနပုရိသာ၊ အကြင်ယုတ်ကုန်သော ယောကျ်ားတို့သည်။** ပါပဓမ္မေ၊ ယုတ်ကုန်သောတရားတို့ကို။ ဝသန္တိ ပဂ္ဃရန္တိ၊ ယိုစီးစေတတ်ကုန်၏။ ဝါ-သွန်ချတတ်ကုန်၏။ က္ကတိ-တသ္မာ၊ ထို့ကြောင့်။ **တေ ဟီနပုရိသာ၊ ထိုယုတ်ကုန်သော ယောကျ်ားတို့သည်။** ဝသလာ၊ ဝသလတို့မည်ကုန်၏။ ဝသလာနံ၊ ယုတ်မာသောတရားတို့ကို ယိုစီးစေတတ် (သွန်ချတတ်)ကုန်သော။ တေသံ ဟီနပုရိသာနံ၊ ထိုယုတ်ညံ့သော ယောကျ်ားတို့၏။ ဓမ္မံ၊ အကျင့်သို့။ (မအူ၊ တ၊ ၈၀) **(နိယမာနိယမ ၄-မှတ်၊ ကျန် ၆-မှတ်)**

၂။ **(မေး)** (ဃ) ဝါကျကို သာဘောဂပ္ပရွှာ ကျမ်းတက်ပြပါ။

**(ဖြေ)** အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ) ဝါကျဖြင့် ဂါမဓမ္မပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ဟု ဖွင့်ဆိုတော်မူ၏။ **(၃-မှတ်)**

ဂါမဓမ္မ-၌ ဂါမအရ ရွာကိုယူရပါမည်လော၊ အဘယ်ကိုယူရပါမည်နည်း။ **(၃-မှတ်)**

ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေကြားလိုသော အဋ္ဌကထာဆရာသည် (ဃ)ဝါကျကို မိန့်ဆိုတော်မူ၏။ **(၂-မှတ်)**

အဓိပ္ပါယ်ကား (ဃ)ဝါကျဖြင့် ဂါမအရ ရွာကိုမယူရ ရွာနေသူလူတို့ကို ယူရမည်ဟု ဖွင့်ဆိုပါ၏ ဟူလို။ **(၂-မှတ်)**

**မှတ်ချက်**-(ဝိဂ္ဂဟရဝါကျယူ၍ ကျမ်းတက်လျှင် (၅)မှတ်သာပေးရန်။)

၃။ **(မေး)** (ဂ+ဃ+င)ဝါကျတို့ကို အကြောင်းနှင့်တကွ ဝါကျအမည်ပေး၍၊ (ဃ)ဝါကျရှိ ဂါမဝါသိကမနုဿာနံ-ပုဒ်ကို သဒ္ဒါနည်းစာစပ်ပြပါ။

**(ဖြေ)** (ဂ)ဝါကျသည် (က+ခ)ဝါကျတို့ဖြင့် အသဒ္ဒမ္မပုဒ်၏ အဖွင့်အဖို့မှတစ်ပါး ဂါမဓမ္မပုဒ်၏ အဖွင့်အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ (၂-မှတ်)

(ဃ) ဝါကျသည် ဂါမဓမ္မ-၌ ဂါမအရ ရွာကိုယူရမည်လောဟု မေးဖွယ်ရှိ၍ ဆက်လက်အားထုတ်အပ်သောကြောင့် ဝါကျာရမ္ဘဝါကျ။ (၃-မှတ်)

တစ်နည်း (ဃ)ဝါကျသည် ဂါမဓမ္မပုဒ်ကို အကျယ်ဖွင့်ပြသောကြောင့် ဝိတ္ထာရဝါကျ။ (၁-မှတ်)

(င) ဝါကျသည် (ဂ+ဃ)ဝါကျတို့ဖြင့် ဂါမဓမ္မပုဒ်အဖွင့်အဖို့မှတစ်ပါး ဝသလဓမ္မပုဒ်၏ အဖွင့်အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ (၂-မှတ်)

ဂါမဝါသိကမနုဿာနံ-ကား တို့၏ဟူ၍ အနက်ပေးရသောကြောင့် ဓမ္မံ-ဟူသောပုဒ်၌ သမ္ဗန်/ ဓမ္မံဟူသောပုဒ်ကား သမ္ဗန္ဓီ။ (၂-မှတ်)

၄။ **(မေး)** (က)ဝါကျ နီစဇနာ-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြ၍၊ အပေါင်းဝစနတ္ထကိုသာ ဆိုရိုးကျညာသ် ကောက်ပြပါ။

**(ဖြေ)** ဥဒ္ဓံ န အဋ္ဌတီတိ နီစာ။ (၁-မှတ်)

တစ်နည်း နီဟီနံ စိနောန္တီတိ နီစာ၊ (၁-မှတ်)

ကုသလာကုသလံ ဇနေန္တီတိ ဇနာ၊ (၁-မှတ်)

နီစာ စ တေ ဇနာ စာတိ နီစဇနာ။ (၂-မှတ်)

နီစာ စ၊ ယုတ်ကုန်သည်လည်း ဟုတ်၏။ တေ၊ ထိုယုတ်ကုန်သူတို့ဟူသည်။ ဇနာစ၊ သတ္တဝါတို့လည်း ဟုတ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်၊ နီစဇနာ၊ နီစဇနတို့ မည်ကုန်၏။ နီစဇနာ၊ ယုတ်ကုန်သော သတ္တဝါတို့။ (၁-မှတ်)

နီစာ စ တေ ဇနာစာတိ ကား ကမ္မဓာရယ် သမာသ်ဝိဂြိုဟ်၊ နီစဇနာ ကား ကမ္မဓာရယ်သမာသ်ပုဒ်၊ နီစ-ပုဒ်၊ ဇနပုဒ်၊ (၁-မှတ်)

နီစ-ဟူသော ဝိသေသနပုဒ်အရကား ယုတ်သောဂုဏ်သည် မုချအားဖြင့် ရ၏။ (၁-မှတ်)

ထိုယုတ်သောဂုဏ်၏ သတ္တဝါတို့ဖြစ်နှင့် ဂုဏ်+ဂုဏေအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ (၁-မှတ်)

နီစဇနာ-ဟူသော သမာသ်ပုဒ်လုံးအရကား ထိုမုချ+ဌာနူပစာတို့ဖြင့် မှတ်အပ်သော ယုတ်ကုန်သော သတ္တဝါတို့ ရ၏။ (၁-မှတ်)

၅။ **(မေး)** (က) နီစ၊ (ခ) ဝသလ-ပုဒ်တို့ကို ဓာတု, ဓာတွတ္ထ, ပစ္စယ, ပစ္စယတ္ထ ဝေဖန်ပြပါ။

**(ဖြေ)** နီစ-ကား နိပုဗ္ဗ စိဓာတ်။ စယတ္ထ၊ တစ်နည်း နိပုဗ္ဗ အဋ္ဌဓာတ်၊ ဂမနတ္ထ၊ ဏ ပစ္စည်း၊ သုဒ္ဓကတ္တုသာဓနတ္ထ၊

(ခ) ဝသလကား ဝသဓာတ်၊ ပဋ္ဌရကာဏ္ဍ၊ အလ ပစ္စည်း၊ ဟေတုကတ္တုသာဓနတ္ထ၊ တစ်နည်း သုဒ္ဓကတ္တုသာဓနတ္ထ၊ (၅-မှတ်)

၆။ **(မေး)** (က+ခ) ဝါကျတို့ကို အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်ပြ၍ သံဝဏ္ဏနာ အမည်ပေးပြပါ။

**(ဖြေ)** (က)ဝါကျ အသတံ ဓမ္မံဖြင့် အသဒ္ဓမ္မ-ပုဒ်ကို အသတံ+ဓမ္မော-အသဒ္ဓမ္မော ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ (အဘိဓာနတ္ထသံဝဏ္ဏနာ၊ သမာသလိင်-ပဒတ္ထသံဝဏ္ဏနာ)။ အသဒ္ဓမ္မံ၌ သ သည် သမာန, သဟ-စသည်တို့၏ ကာရိယ သ မဟုတ် သန္တ သဒ္ဒါ၏ ကာရိယ ကိုလည်းကောင်း။ (နာမလိင်ပဒသံဝဏ္ဏနာ)သိစေပါသည်။ (၄-မှတ်)

(က)ဝါကျ နိစ္စနာနံဖြင့် အသန္တ (အသတံ)အရ ယုတ်နိမ့်သော သူတို့ကိုယူရမည်ကို လည်းကောင်း (အဘိဓေယျတ္ထသံဝဏ္ဏနာ)အသတံ-၌ တံသည် နံဝိဘတ်၏ ကာရိယကို လည်းကောင်း (ဝိဘတ္တိပဒသံဝဏ္ဏနာ)သိစေပါသည်။ (၄-မှတ်)

(ခ) ဝါကျဖြင့် အသဒ္ဓမ္မ ဟူသည် သူတော်မဟုတ် သူယုတ်မာတို့သည် မှီဝဲအပ်သောအကျင့်ပင် တည်းဟု သိစေပါသည်၊ (ဘာဝတ္ထသံဝဏ္ဏနာ)။ (၂-မှတ်)

၇။ **(မေး)** (က)ဝါကျ အသတံ/အသန္တ ဟူ၍ ပါဠိနှစ်မျိုးရှိကြရာ သင့်မြတ်ရာပါဠိကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ပြပါ။

**(ဖြေ)** အသန္တ တည် နံ ဝိဘတ်သက် န္တ ကို န္တုကိုကဲ့သို့ငဲ့၍ န္တု ကို ဝိဘတ်နှင့်တကွ တံ ပြု၍ အသတံ ဟု ရုပ်ပြီးသောကြောင့်လည်းကောင်း၊ နိစ္စနာနံ အဖွင့်အရ ဆဋ္ဌီဝိဘတ်အဆုံး ရှိသောပုဒ် ထင်ရှားသောကြောင့်လည်းကောင်း၊ အသတံ ဟုရှိသော ပါဠိသာသင့်ပါသည်။ (၁၀-မှတ်)

၈။ **(မေး)** (ဂ)ဝါကျ ဂါမာနံ ဓမ္မံ၌ ရသင့်သော နည်း, ဥပစာတို့ကို ဆိုနိုင်ကျေးဇူးပြပါ။

**(ဖြေ)** ဌာနသ္သ နာမံ ဌာနီမှိ ဥပစာရော ဝေါဟာရော ဌာနူပစာရောဟူသော ဝစနတ္ထနှင့်အညီ ဌာန၏ အမည်ကို ဌာနီ-၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် ဌာနူပစာသဒ္ဒါမည်၏။

ပြယုဂ်ကား ဂါမာနံ ဓမ္မ-ဟူသည်တည်း။ ဤ၌ ဌာနဖြစ်သောရွာ၏ ဂါမာနံ-ဟူသောအမည်ကို ဌာနီဖြစ်သော ရွာနေသူလူတို့၌ တင်စား၍ ဌာနီဖြစ်သော ရွာနေသူတို့ကို ဂါမာနံဟု ခေါ်ဝေါ်ခြင်း ကြောင့် ဌာနူပစာသဒ္ဒါမည်၏။ (၅-မှတ်)

ဌာန မကောင်းရာကိုဆိုသဖြင့် ဌာနီ မကောင်းတတ်သည်ကိုရသောနည်းသည် နာနန္တရိကနည်း မည်၏။

ပြယုဂ်ကား ဂါမာနံ ဓမ္မ-ဟူသည်တည်း။ ဤ၌ ဂါမာနံဟူသောနည်းသည် ရွာဖြစ်တည်း ဟူသော ဌာန မကောင်းရာကိုဆိုသဖြင့် ရွာနေသူလူဖြစ်တည်းဟူသော ဌာနီမကောင်းတတ်သည်ကို ရသော ကြောင့် နာနန္တရိကနည်းမည်၏။ (၅-မှတ်)

တစ်နည်း အဘေဒံပိ ဘေဒံ ဝိယ ဥပစာရော ဝေါဟာရော အဘေဒဘေဒူပစာရော ဟူသော ဝစနတ္ထနှင့်အညီ အရမကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ တင်စား၍ ခေါ်ဝေါ်ခြင်းသည် အဘေဒဘေဒူပစာမည်၏။

ပြယုဂ်ကား ဂါမာနံ ခမ့် ဟူသည်တည်း။ ဤ၌ ဂါမာနံ-ဟူသောနည်းသည် ရွာနှင့် ရွာနေသူလူတို့ အရမကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ တင်စား၍ဆိုသောကြောင့် အဘေဒဘေဒူပစာသဒ္ဒါ မည်၏။ (၅-မှတ်)

အပြားမဲ့အားဖြင့် ဆိုသောနည်းသည် အဘေဒ နည်းမည်၏။

ပြယုဂ်ကား ဂါမာနံ ခမ့်-ဟူသည်တည်း၊ ဤ၌ ဂါမာနံဟူသောနည်းသည် ရွာနှင့် ရွာနေသူလူတို့ အပြားမဲ့အားဖြင့်ဆိုသောကြောင့် အဘေဒနည်းမည်၏။ (၅-မှတ်)

**မှတ်ချက်။** တစ်နည်းနည်းမှန်လျှင် အမှတ်ပြည့်ပေးရန်။

၉။ **(မေး)** လောက၌ များစွာသော လူအပေါင်း၏ အကြင်တပ်ခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်းတို့၏ အရာတို့သည် ရှိကုန်၏၊ ထိုတပ်ခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်းတို့မှ ဝေးစွာရှောင်ကြဉ်ကြကုန်လျက် သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကုန်သော ဤရဟန်းတို့သည် နေတော်မူကြပါပေကုန်စွတကား၊ ခဲယဉ်းသဖြင့် ပြုအပ်သောအမှုကို ပြုတော်မူကြပါပေကုန်စွတကား ဝန်လေးသောအမှုကို ပြုတော်မူကြပါပေကုန်စွတကား ဟူသော မြန်မာစကားရပ်ကို ပါဠိဝါကျရေးသားစီကုံးပါ။

**(ဖြေ)** ယာနိ ဝတ လောကေ မဟာဇနဿ ရဇ္ဇန ဒုဿန မုယှနဋ္ဌာနာနိ၊ တေဟိ ဤကမေ သမဏာ သကျပုတ္တိယာ အာရကာ ဝိရတာ ဝိဟရန္တိ၊ ဒုက္ကရံ ဝတ ကရောန္တိ ဘာရိယံ ဝတ ကရောန္တိ။

(ပါဠိ၊ ၁၊ ၁၈၉) (၁၀-မှတ်)

(**မှတ်ချက်**- အထက်ပါ အဋ္ဌကထာလာရှိသည့်အတိုင်း မဟုတ်သော်လည်း သဒ္ဒါရေးအနေ အထား မှန်ကန်ပါက အမှတ်ပြည့်ပေးရန်)

၁၀။ **(မေး)** (က)ဝါကျလာ ဇန-ဟူသောပုဒ်ကို ဝေဝစနာဟာရနေတ္တိနည်း ထုတ်ပြပါ။

**(ဖြေ)** ဝေဝစနံ ယောဇေတိ ဧတေနာတိ ဝေဝစနော၊ ဝေဝစနော စ သော ဟာရောစာတိ ဝေဝစနာဟာရော-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသော တစ်ခုသောတရား၌ များစွာသော ဝေဝုစ်စကားလုယ် ပရိယာယ်တို့ကို ယှဉ်ကြောင်းဖြစ်သောကြောင့် ဝေဝစနာဟာရနေတ္တိနည်းမည်၏။ (၁-မှတ်)

အဘယ်သို့ယှဉ်သနည်းဟူမူကား ဇန ဟူသောပုဒ်၏ ဝေဝုစ်ကို

ပါဏော သရီရီ ဘူတံ ဝါ၊ သတ္တော ဒေဟီ စ ပုဂ္ဂလော။

ဇီဝေါ ပါဏီ ပဇာ ဇန္တု၊ ဇနော လောကော တထာဂတော။

ဤသို့ စသည်ဖြင့် ယှဉ်အပ်၏။ (၈-မှတ်)

ဤသို့လျှင် သုတ်၌လာသော တစ်ခုသောတရား၌ များစွာသော ဝေဝုစ်ကို ယှဉ်ခြင်းသည် ဝေဝစနာဟာရနေတ္တိနည်း မည်၏ ဟူလိုသော်။ (၁-မှတ်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အစိုးရဓမ္မာစရိယစာမေးပွဲ**

**စာစစ်တန်းရှိုးရှိုး ။ ။ ပါရာဇိကပါဠိနှင့်အဋ္ဌကထာ (ဒုတိယနေ့)**

၁၃၇၉-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆)ရက် (၂၂-၃-၂၀၁၈) ကြာသပတေးနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

.........................................................

(က) **ဝိတက္ကဝိစာရာနံ ဝူပသမာ**တိ ဝိတက္ကဿ စ ဝိစာရဿ စာတိ ဣမေသံ ဒွိန္နံ ဝူပသမာသမတိက္ကမာ။
(ခ) ဒုတိယဇ္ဈာနက္ခဏေ အပါတုဘာဝါတိ ဝုတ္တံ ဟောတိ။
(ဂ) တတ္ထ ကိဉ္စာပိ ဒုတိယဇ္ဈာနေ သဗ္ဗေပိ ပဌမဇ္ဈာနဓမ္မာ န သန္တိ။
(ဃ) အညေယေဝ ဟိ ပဌမဇ္ဈာနေ ဖဿာဒယော၊ အညေ ဣဓ။
(င) ဩဠာရိကဿ ပန ဩဠာရိကဿ အင်္ဂဿ သမတိက္ကမာ ပဌမဇ္ဈာနတော ပရေသံ ဒုတိယဇ္ဈာနာဒီနံ အဓိဂမော ဟောတီတိ ဒီပနတ္ထံ "ဝိတက္ကဝိစာရာနံ ဝူပသမာ"တိ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

၁။ **(မေး)** (ဃ)ဝါကျကိုသာ အညအပါဒါန်များ အသီးအသီး ဖော်ထုတ်လျက် အနက်ယောဇနာခဲ့ပါ။

**(ဖြေ)** ဟိ သစ္စံ၊ မှန်၏။ ဝါ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ပဌမဇ္ဈာနေ၊ ပထမစျာန်၌။ ဖဿာဒယော၊ ဖဿအစရှိကုန်သော၊ ဓမ္မာ၊ ထိုတရားတို့သည်။
ဒုတိယဇ္ဈာန ဖဿာဒီဟိ၊ ဒုတိယစျာန်ဖဿစသည်တို့မှ။ (အညအပါဒါန်) **(၃-မှတ်)**
အညေနေဝ၊ တစ်ပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။
ဣဓ ဣမသ္မိံ ဒုတိယဇ္ဈာနေ၊ ဤဒုတိယစျာန်၌။ ဖဿာဒယော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။
ပဌမဇ္ဈာနဖဿာဒီဟိ၊ ပထမဈာန် ဖဿစသည်တို့မှ။ (အညအပါဒါန်) **(၃-မှတ်)**
အညေယေဝ၊ တစ်ပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ **(ကြွင်း ၄-မှတ်)**
**မှတ်ချက်။** ဟိ ယသ္မာ၊ ကြောင့်။ ပဌမဇ္ဈာနေ၊ ၌။ ဖဿာဒယော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ အညေယေဝ၊ ဒုတိယစျာန်ဖြစ်ကုန်သော ဖဿအစရှိကုန်သောတရားတို့မှ တစ်ပါးတို့သည်သာလျှင်တည်း။ ဣဓ ဣမသ္မိံ ဒုတိယဇ္ဈာနေ၊ ၌။ ဖဿာဒယော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ အညေယေဝ၊ ပဌမစျာန်ဖြစ်ကုန်သော ဖဿအစရှိကုန်သော တရားတို့မှ တစ်ပါးတို့သည်သာလျှင်တည်း။ **(မဏူ၊သျှ-၃၊ ၂၆၇ အတိုင်းပေးလျှင် ၇-မှတ်ပေးရန်)**

၂။ **(မေး)** (ဂ)ဝါကျကို အာဘောဂါယုတ္တစောဒနာ တက်ပြခဲ့ပါ။

**(ဖြေ)** အရှင်အဋ္ဌကထာဆရာ၊ မြတ်စွာဘုရားသည် ဒုတိယဇ္ဈာနကထာမှ "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု အထူးပြု၍ ဟောတော်မူ၏။ (ဥပနာ) **(၃-မှတ်)**

ဤဒုတိယဈာန်၌ အလုံးစုံသော ပဌမဈာန်တရားတို့သည် မရှိကုန်သည် မဟုတ်ပါလော၊
(အာဘောဂ) **(၃-မှတ်)**

ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် (ဝါ) အဘယ်အကျိုးငှာ "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု အထူးပြု၍ ဟောတော်မူပါသနည်း။ (အယုတ္တစောဒနာ) **(၂-မှတ်)**

"ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု အထူးပြု၍ ဟောတော်မူခြင်း၏အကြောင်းကို မပြောဆိုချေသော် ဆရာ၌ အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသများ သင့်ရောက်ရာ၏။ (ဒေါသတင်) **(၁-မှတ်)**

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ဂ)ဝါကျကို မိန့်တော်မူ၏။

**အဓိပ္ပာယ်ကား** (ဂ)ဝါကျဖြင့် ဒုတိယဈာန်၌ အလုံးစုံသော ပဌမဈာန်တရားတို့သည် မရှိကုန်သော်လည်း "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု အထူးပြု၍ ဟောတော်မူခြင်း၏ အကြောင်းကို ငါပြဆိုသည် ဖြစ်ဘိသော် (ဝါ) ငါပြဆိုသည်ဖြစ်သောကြောင့် သင်တင်သော ဒေါသများ ငါ့အား မရောက်ကင်းပျောက်ပါ၏ ဟူလို။ **(၁-မှတ်)**

၃။ **(မေး)** (ဂ၊ဃ၊င)ဝါကျတို့ကို အကြောင်းပြ ဝါကျအမည်ပေး၍ (င)ဝါကျလာ သမတိက္ကမာ-ကို စပ်သင့်ရာ ပုဒ်၌ စာစပ်ပြခဲ့ပါ။

**(ဖြေ)** (ဂ)ဝါကျသည် ဒုတိယဈာန်၌ အလုံးစုံသော ပဌမဈာန်တရားတို့သည် မရှိကုန်သည် မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် (ဝါ) အဘယ်အကျိုးငှာ "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု အထူးပြု၍ ဟောတော်မူပါသနည်းဟူသော စောဒနာကို ပယ်လို၍ အားထုတ်အပ်သောကြောင့် **ဝါကျာရမ္ဘဝါကျ**မည်၏။ **(၃-မှတ်)**

(ဃ)ဝါကျသည် "ဒုတိယဈာန်၌ အလုံးစုံသော ပဌမဈာန်တရားတို့သည် မရှိကုန်"ဟူသော စကားကို အသင့်ယုတ္တိအားဖြင့် ခိုင်မြဲအောင် ပြသောကြောင့် ယုတ္တိဒဠှီကရဏဝါကျမည်၏။ **(၂-မှတ်)**

**(တစ်နည်း)** ဒုတိယဈာန်၌ အလုံးစုံသော ပဌမဈာန်တရားတို့သည် မရှိကုန်ဟု ဆိုရခြင်း၏ အကြောင်းကို ပြသောကြောင့် **ကာရဏ**ဝါကျမည်၏။

**မှတ်ချက်။** တစ်နည်းမှန်လည်း အမှတ်ပေးရန်။

(င)ဝါကျသည် စောဒကာဘောဂနှင့် စောဒနာကို နေယျတ္ထအားဖြင့် ပြသောအဖို့မှ ပရိဟာရာဘောဂနှင့် ပရိဟာရဟူသော အဖို့တစ်ပါးကို ပြသောကြောင့် **ပက္ခန္တရဝါကျ**မည်၏။ **(၂-မှတ်)**

**(စာစပ်)** သမာတိက္ကမာ-ကား ကြောင့်ဟူ၍ အနက်ပေးသောကြောင့် အဓိဂမော ဟောတိ-၌ ဟိတ်၊ အဓိဂမော ဟောတိ-ကား ဖိုလ်အဖြစ်ဖြင့် စပ်အပ်၏။ **(၃-မှတ်)**

၄။ **(မေး)** သြဠာရိက-ပုဒ်ကို ဝစနတ္ထပြု၍ ဉာဉ်နည်း အရကောက်ပြခဲ့ပါ။

**(ဖြေ)** ဥဠာရေ ဘဝံ သြဠာရိကံ၊ **(၃-မှတ်)**

ဥဠာရေ၊ ရုန့်ရင်းသည်၏အဖြစ်၌။ ဘဝံ၊ ဖြစ်သောဈာန်အင်္ဂါတည်း။ သြဠာရိကံ၊ ရုန့်ရင်းသည်၏ အဖြစ်၌ဖြစ်သော ဈာန်အင်္ဂါ။

ဥဠာရ-ပုဒ်+ဏိက-ပစ္စည်း။ ဘာဝတဒ္ဓိတ်ဝိဂြိုဟ်။ **(၁-မှတ်)**

**ဥဋ္ဌာရ-ဟူသော တဒ္ဓိတ်ပုဒ်၏အရကား-** ရုန့်ရင်းသည်၏အဖြစ်သည် မုချအားဖြင့်ရ၏။ **(၂-မှတ်)**
ယင်း၏ ဝိတက်, ဝိစာရ-ဟူသော ဈာန်အင်္ဂါတို့နှင့် သဘာဝ+သဘာဝဝန္တ (ဂုဏ်+ဂုဏော) အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်ကုန်သော သမ္ဗန်သည် ဌာနူပစာ-အားဖြင့် ရ၏။ **(၂-မှတ်)**
**ဂါထာ-ပစ္စည်း၏အရကား** - ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော ရုန့်ရင်းသည်၏အဖြစ်၌ ဖြစ်သော (ဝါ) ရုန့်ရင်းသော ဝိတက်, ဝိစာရ-ဟူသော ဈာန်အင်္ဂါရ၏။

၅။ **(မေး)** ပဌမ၊ ဈာန-ပုဒ်တို့ကို ဖြစ်သင့်သမျှ ဓာတု+ဓာတွတ္ထ၊ ပစ္စယ+ပစ္စယတ္ထ ဝေဖန်ပြခဲ့ပါ။

**(ဖြေ)** ပဌမ = ပဌ+အမ,ပုထ×အမ **(၁-မှတ်)**
ပဌ-ဝိယတ္တိယံ ဝါစာယံ **(၁-မှတ်)**
ပဌ-သင်္ချာနေ၊ **(၁-မှတ်)**
ပုထ-ပဝတ္တနေ **(၁-မှတ်)**
အမ-ကတ္တုသာနေ။ **(၁-မှတ်)**
ဈာန = ဈေ+ယု **(၁-မှတ်)**
ဈေ-စိန္တာယံ, **(၁-မှတ်)**
ဈေ-ဒယှနေ, **(၁-မှတ်)**
ဈေ-ဥပနိဇ္ဈာနေ **(၁-မှတ်)**
ယု-ကတ္တုသာဓနေ **(၁-မှတ်)**

၆။ **(မေး)** (က)ဝါကျဖြင့် သိစေအပ်သော အဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာတို့ကို တွဲစပ်ဖော်ပြခဲ့ပါ။

**(ဖြေ)** (က)ဝါကျ ဝိတက္ကသ္သ စ ဝိစာရဿ စ-ဖြင့် ဝိတက္ကဝိစာရာ-ပုဒ်ကို ဝိတက္ကော စ ဝိစာရော စာတိ ဝိတက္ကဝိစာရာ-ဟု ဒွန်သမာသ် တွဲစပ်ရမည်၏အဖြစ်ကိုလည်းကောင်း **(အဘိဓာနတ္ထ, သမာသ သလိင်္ဂပဒ)** **(၂-မှတ်)**
ယင်းသမာသ်၏ သမုစ္စည်းအနက် ဟောသည်၏အဖြစ်သည်လည်းကောင်း**(သမာသလိင်္ဂတ္ထ)** သိစေပါသည်။ **(၂-မှတ်)**
ဣမေသံ ဒွိန္နံ-ဖြင့် ဝိတက္ကဝိစာရာ-ဟူသောပုဒ်၏ သမာဟာရဒွန်သမာသ်ပုဒ်၏ အဖြစ်ကို သိစေပါသည်။ **(သမာသလိင်္ဂပဒ)** **(၂-မှတ်)**
သမတိက္ကမာ-ဖြင့် ဝူပသမာ-ငြိမ်းခြင်းဟူသည် ဝိတက်, ဝိစာရတို့ကို လွန်မြောက်ခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။ **(ဘာဝတ္ထ)** **(၂-မှတ်)**

၇။ **(မေး)** ပဌမ/ပဌမ/ပထမ-ဟု ပါဠိအမျိုးမျိုးရှိရာ သင့်ရာပါဠိကို သဒ္ဒယုတ္တိပြ ဆုံးဖြတ်ခဲ့ပါ။

**(ဖြေ)** ပဌ-ဝိယတ္တိယံ ဝါစာယံ၊ အမော၊ ပဌ-သင်္ချာနေ၊ ဝါ-အမော၊ ဝဏ္ဏဝိကာရော၊ ပဌမံ၊ ပထမန္တိပိ (အဘိဓာန်ဋီကာ)ကို ထောက်၍ **(၂-မှတ်)**
ပဌ-ဓာတ်၊ အမ-ပစ္စည်းဖြင့် ပြီးသောကြောင့် **(၂-မှတ်)**

**(တစ်နည်း)** ပထဓာတ်၊ အမပစ္စည်းဖြင့် ပထမ-ဟု ဆိုလိုလျက် ထ-ကို ဌ-ပြု၍ ပြီးသောကြောင့် **(၂-မှတ်)**

"ပဌမ"ပါဠိသင့်ပါသည်။ **(၁-မှတ်)**

ထ-ကို ဌ-မပြုလျှင် "ပထမ"ပါဠိလည်း သင့်ပါသည်။ **(၂-မှတ်)**

ပဌမ-ကား ဒွေဘော်ဌာနမဟုတ်သောကြောင့် မသင့်ပါ။ **(၁-မှတ်)**

**(တစ်နည်း)** ပဌစရာ အမိမာ (ဏ္ဍာဒိ၊ မောဂ်)ဖြင့် ပဌ-ဓာတ်နောင် အမ-ပစ္စည်းဖြင့်ပြီးသောကြောင့် "ပဌမ"ပါဠိ သင့်ပါသည်။

ပုထသ ပုထု ပထမော ဝါ-သုတ်ဖြင့် ပုထ-ကို ပထ-ပြု၊ ထို ပထ-အပြုနောင် အမ-ပစ္စည်းသက်၍ ပြီးသောကြောင့် "ပထမ"ပါဠိလည်း သင့်ပါသည်။

ပဌမ, ပထမ-နှစ်ပါဠိ သင့်ပါသည်။

ပဌမ-ကား ဒွေဘော်ဌာနမဟုတ်သောကြောင့် မသင့်ပါ။

**မှတ်ချက်။** တစ်နည်းမှန်လည်း အမှတ်ပေးပါသည်။

၈။ **(မေး)** "ဝိတက္ကဝိစာရာနံ ဝူပသမာ"၌ ရနိုင်သော နည်း, ဥပစာတို့ကို ဆိုရိုးကျရေးခဲ့ပါ။

**(ဖြေ)** ကေဒေသဿ နာမံ ကေဒေသေမှိ ဥပစာရော ဝေါဟာရော ကေဒေသူပစာရော-ဟူသော ဝစနတ္ထနှင့်အညီ အစိတ်၏အမည်ကို အပေါင်း၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် ကေဒေသူပစာ မည်၏။ ပြယုဂ်ကား "ဝိတက္ကဝိစာရာနံ ဝူပသမာ"တည်း။

ဤ-သည် ဝိတက်, ဝိစာရတို့၏ ငြိမ်းခြင်းတည်းဟူသော အစိတ်၏ အမည်ကို ဝိတက်, ဝိစာရတို့၏ ငြိမ်းခြင်း, ပီတိ-ကို လွန်မြောက်ခြင်း, သုခ-ကို ပယ်ခြင်းတည်းဟူသော အပေါင်း၌ တင်စား၍ ဝိတက်, ဝိစာရတို့၏ ငြိမ်းခြင်း, ပီတိ-ကို လွန်မြောက်ခြင်း, သုခကို ပယ်ခြင်းသည် "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု ခေါ်ဝေါ်အပ်သောကြောင့် **ကေဒေသူပစာသဒ္ဒါ** မည်၏။

**(တစ်နည်း)** ဝိတက်, ဝိစာရ-တည်းဟူသော အစိတ်၏အမည်ကို ဝိတက်,ဝိစာရ,ပီတိ,သုခ-တည်း ဟူသော အပေါင်း၌ တင်စား၍ ခေါ်ဝေါ်အပ်သောကြောင့် **ကေဒေသူပစာသဒ္ဒါ** မည်၏။

**(တစ်နည်း)** ဝိတက်, ဝိစာရ-တို့၏ ငြိမ်းခြင်းတည်းဟူသော အစိတ်၏အမည်ကို ဝိတက်, ဝိစာရတို့နှင့်တကွ အလုံးစုံသော ပဌမဈာန်တရားတို့၏ ငြိမ်းခြင်းတည်းဟူသော အပေါင်း၌ တင်စား၍ ခေါ်ဝေါ်အပ်သောကြောင့် **ကေဒေသူပစာရသဒ္ဒါ**မည်၏။ **(တစ်နည်းနည်းမှန်လျှင် ၅-မှတ်)**

**မှတ်ချက်။** အဝယဝူပစာ ဖြေလည်း ဆိုရိုးကျက အမှတ်ပေးရန်။

အစိတ်ကို မှတ်၍ဆိုသဖြင့် အပေါင်းကိုလည်း ရသောနည်းသည် ဥပလက္ခဏနည်းမည်၏။ ပြယုဂ်ကား- "ဝိတက္ကဝိစာရာနံ ဝူပသမာ"တည်း။

ဤ၌ ဝိတက်, ဝိစာရတို့၏ ငြိမ်းခြင်းတည်းဟူသော အစိတ်ကို မှတ်၍ဆိုသဖြင့် ဝိတက်, ဝိစာရတို့၏ ငြိမ်းခြင်း, ပီတိ-ကို လွန်မြောက်ခြင်း, သုခ-ကို ပယ်ခြင်းတည်းဟူသော အပေါင်းကိုလည်း ရသောကြောင့် **ဥပလက္ခဏနည်း** မည်၏။

**(တစ်နည်း)** ဝိတက်, ဝိစာရ-တည်းဟူသော အစိတ်ကို မှတ်၍ဆိုသဖြင့် ဝိတက်, ဝိစာရ, ပီတိ, သုခ-တည်းဟူသော အပေါင်းကိုလည်း ရသောကြောင့် **ဥပလက္ခဏနည်း** မည်၏။

**(တစ်နည်း)** ဝိတက်, ဝိစာရ-တို့၏ ငြိမ်းချမ်းခြင်းတည်းဟူသော အစိတ်ကိုမှတ်၍ဆိုသဖြင့် ဝိတက်, ဝိစာရတို့နှင့်တကွ အလုံးစုံသော ပဌမစျာန်တရားတို့၏ ငြိမ်းခြင်းတည်းဟူသော အပေါင်းကိုလည်း ရသောကြောင့် **ဥပလက္ခဏနည်း** မည်၏။ **(တစ်နည်းနည်းမှန် ၅-မှတ်)**

**မှတ်ချက်။** နိဒဿနနည်း ဖြေလည်း ဆိုရိုးကျက အမှတ်ပေးရန်။

၉။ **(မေး)** "ကြက်မ၏ သုံးပါးအပြားရှိသော အမူအရာကိုပြုခြင်းဖြင့် ဥတို့၏ စိုသောအစေး၏ ခန်းခြောက်ခြင်းကဲ့သို့ ဘုရားလောင်းဖြစ်သော ဘုရားရှင်တို့၏ သုံးပါးအပြားရှိသော အနုပဿနာကို ပြုခြင်းဖြင့် ဘဝသုံးပါးအပေါင်းသို့ အစဉ်လိုက်တတ်သောတဏှာဟု ဆိုအပ်သောအစေး၏ ခန်းခြောက်ခြင်းကို သိအပ်၏"ကို ပါဠိဘာသာပြန်ဆိုခဲ့ပါ။

**(ဖြေ)** ကုက္ကုဋိယာ တိဝိဓကိရိယာကရဏေန အဏ္ဍာနံ အလ္လသိနေဟပရိယာဒါနံ (အလ္လသိနေဟဿ ပရိယာဒါနံ) ဝိယ ဗောဓိသတ္တဘူတဿ ဘဂဝတော တိဝိဓာနုပဿနာ ကရဏေန (တိဝိဓာယ အနုပဿနာယ ကရဏေန) ဘဝတ္တယာနုဂတာနိကန္တိ သိနေဟပရိယာဒါနံ (ဘဝတ္တယံ အနုဂတာ နိကန္တိသိနေဟဿ ပရိယာဒါနံ) ဝေဒိတဗ္ဗံ။ **(၁၀-မှတ်)**

**မှတ်ချက်။** မူရင်းအဖြေအတိုင်း မဟုတ်သော်လည်း သဒ္ဒါနည်းကျကအမှတ်ပေးရန်။

**သတိပြုရန်။** တိဝိဓာနုပဿနာကရဏေန (မေးခွန်းအဖြေ) တိဝိဓာနုပဿနာသမ္ပါဒနေန (အဋ္ဌကထာစာအုပ်မူရင်း)

၁၀။ **(မေး)** (ဂ)ဝါကျ ဒုတိယဇ္ဈာနေ-ပုဒ်အရကို စတုသစ္စအဿာဒါဒိဒေသနာဟာရနေတ္တိနည်း ထုတ်ပြခဲ့ပါ။

**(ဖြေ)** ဒုတိယဇ္ဈာနေ-ပုဒ်အရဖြစ်သော လောကီခန္ဓာလေးပါးသည် **ဒုက္ခသစ္စာ**မည်၏။
ထိုခန္ဓာလေးပါး၏ အကြောင်းဖြစ်သော ရှေးဘဝ၌ ဖြစ်ပြီးသောတဏှာသည် **သမုဒယသစ္စာ**မည်၏။
ဒုက္ခ, သမုဒယနှစ်ပါးတို့၏ မဖြစ်ရာဖြစ်သော နိဗ္ဗာန်သည် **နိရောဓသစ္စာ**မည်၏။
နိဗ္ဗာန်ကိုသိကြောင်းဖြစ်သော အကျင့်သည် **မဂ္ဂသစ္စာ**မည်၏။
ဤသို့ သစ္စာလေးပါးကို ဟောသတည်း။
ထိုတွင် သမုဒယသစ္စာဖြင့် **အဿာဒ**ဖြစ်၏။ ဒုက္ခဖြင့် အာဒီနဝဖြစ်၏။ နိရောဓ, မဂ္ဂဖြင့် **နိဿရဏ** ဖြစ်၏။
ဈာနသမာပတ္တိသုခသည်လည်းကောင်း, ဒုတိယဈာန်ဖြဟ္မာဘုံသို့ လားရောက်ရခြင်းသည်လည်း ကောင်း **ဖလ**မည်၏။
ပထမဈာန်စသော အကြောင်းသည် **ဥပါယ**မည်၏။
ဈာနသမာပတ္တိသုခကို အလိုရှိကုန်သောသူတို့သည်လည်းကောင်း, ဒုတိယဈာန် ဗြဟ္မာဘုံသို့ လားရောက်လိုကုန်သော သူတို့သည်လည်းကောင်း ဒုတိယဈာန်ရရှိအောင် ကြိုးစားအားထုတ်ကြလေဟု စေခိုင်းတိုက်တွန်းခြင်းသည် **အာဏတ္တိ**မည်၏။
ဤသို့လျှင် ဒုတိယဇ္ဈာနေ-ဟူသော ဒေသနာတော်သည် သစ္စာလေးပါးကို ဟော၏။ ထိုသစ္စာလေးပါးကို ဟောသောဒေသနာ၌ အဿာဒစသည်ကို ဖွင့်ပြခြင်းသည် **စတုသစ္စအဿာဒါဒိ ဒေသနာဟာရ** မည်၏ဟူလို။ **(၁၀-မှတ်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အစိုးရပဓမ္မာစရိယစာမေးပွဲ**

**စာစဉ်တန်းမှူးမှူး ။ ။ ပါရာဇိကကဏ္ဍပါဠိ+အဋ္ဌကထာ (ဒုတိယနေ့)**

၁၃၈၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၈)ရက် (၂၈-၃-၂၀၁၉) ကြာသပတေးနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

------------------

(က) ဣဓ ဒါနိ “ဘိက္ခုနီ”ဣတိ ဣဒံ ပဒံ/ဣမံ ပဒံ ဝိသေသတ္ထာဘာဝတော အဝိဘဇိတွာဝ ယံ သိက္ခဉ္စ သာဇီဝဉ္စ သမာပန္နတ္တာ ဘိက္ခုနံ သိက္ခာသာဇီဝသမာပန္နော ဟောတိ၊ တံ ဒဿေန္တော သိက္ခာတိအာဒိမာဟ။

(ခ) တတ္ထ သိက္ခိတဗ္ဗာတိ သိက္ခာ။ တိဿောတိ ဂဏနပရိစ္ဆေဒေါ။

(ဂ) အဓိသီလသိက္ခာတိ အဓိကံ ဥတ္တမံ သီလန္တိ အဓိသီလံ။

(ဃ) အဓိသီလဉ္စ တံ သိက္ခိတဗ္ဗတော သိက္ခာ စာတိ အဓိသီလသိက္ခာ။

(င) သေ နယော/ဧသော နယော အဓိစိတ္တအဓိပညာသိက္ခာသု။

၁။ **(မေး)** (က)ဝါကျကို သမာပန္နတ္တာ-ဟိတ်၏ သမ္ဗန်ပုဒ် ထည့်၍လည်းကောင်း၊ ဒဿေန္တော-၌ ကတ္တား, ဝိသေသန, ဟိတ် သုံးမျိုးကြံဆ၍လည်းကောင်း ကျနစွာ အနက်ယောဇနာခဲ့ပါ။

**(ဖြေ)** ဣဓ ဒါနိ၊ ယခုအခါ၌။ ‘ဘိက္ခုနီ’ဣတိ ဣဒံ ပဒံ၊ ဘိက္ခုနီ-ဟူသော ဤပုဒ်ကို။ ဝိသေသတ္ထာဘာဝတော၊ ယော ပန ဘိက္ခု-ဟူသောပုဒ်၏အနက်မှ ထူးသောအနက်၏မရှိခြင်းကြောင့်။ အဝိဘဇိတွာဝ၊ မဝေဘန်မူ၍သာလျှင်။ ယံ သိက္ခဉ္စ၊ အကြင်အဓိသီလသိက္ခာသို့လည်းကောင်း။ ယံ သာဇီဝဉ္စ၊ အကြင် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟုဆိုအပ်သော သာဇီဝသို့လည်းကောင်း၊ ယဿ ဘိက္ခုဿ၊ အကြင်ရဟန်း၏။ **(ဟိတ်သမ္ဗန်)** သမာပန္နတ္တာ၊ ကောင်းစွာရောက်သည်၏ အဖြစ်ကြောင့်။ ဘိက္ခုနံ၊ ရဟန်းတို့၏။ သိက္ခာသာဇီဝသမာပန္နော၊ အဓိသီလသိက္ခာ, သိက္ခာပုဒ်ဟု ဆိုအပ်သော သာဇီဝသို့ ကောင်းစွာရောက်သည်။ ဟောတိ၊ ဖြစ်၏။ တံ သိက္ခဉ္စ၊ ထိုအဓိသီလသိက္ခာကိုလည်းကောင်း။ တံ သာဇီဝဉ္စ၊ ထိုသိက္ခာပုဒ်ဟု ဆိုအပ်သော သာဇီဝကိုလည်းကောင်း။

ဒဿေန္တော၊ ပြတော်မူလိုသည်။ ဟုတွာ၊ ဖြစ်၍။ **(ကတ္တား)**

ဒဿေန္တော၊ ပြတော်မူလိုသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ **(ဝိသေသန)**

ဒဿေန္တော၊ ပြတော်မူလိုသည်၏အဖြစ်ကြောင့်။ **(ဟိတ်)**

သိက္ခာတိအာဒိံ၊ သိက္ခာ-ဤသို့အစရှိသောစကားကို။ အာဟ၊ မိန့်တော်မူ၏။

(မအူသျှ၊ တ၊ ၁၆၄။ ဘာဋီ၊ ဒု၊ ၃၆၄)

**(ဟိတ်၏သမ္ဗန် ၂-မှတ်၊ ဒဿေန္တော၌ အနက်သုံးမျိုး ၁၀-မှတ်စီ ၃-မှတ်၊ ကြွင်း ၅-မှတ်)**

၂။ **(မေး)** (င)ဝါကျကို ဌပနာ ပြည့်စုံမှန်ကန်စေလျက် သာဘောဝပ္ပဋ္ဌာ ကျမ်းတက်ပြခဲ့ပါ။ (အဓိပ္ပါယ်ပြန်ရန် မလို)

**(ဖြေ)** **(င)ဝါကျ သာဘောဝပုစ္ဆာ**

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် (ဂ၊ ဃ)နှစ်ဝါကျတို့ဖြင့် အဓိသီလသိက္ခာပုဒ်ကို "အဓိကံ သီလံ အဓိသီလံ၊ အဓိသီလဥ္စ တံ သိက္ခာ စာတိ အဓိသီလသိက္ခာ"ဟု ဝစနတ္ထပြုရမည်၏အဖြစ်ကို ပြဆိုတော် မူ၏။ (၄-မှတ်)

အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ-ပုဒ်တို့၏ ဝစနတ္ထကို မပြဆိုပြီလော။ (၂-မှတ်)

အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာ-ပုဒ်တို့၏ ဝစနတ္ထကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ (၂-မှတ်)

ဤသို့ မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေကြားလိုသော အဋ္ဌကထာဆရာသည်(င)ဝါကျကို မိန့်။ (၂-မှတ်)

**(တစ်နည်း)** အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် (ဂ၊ ဃ)နှစ်ဝါကျတို့ဖြင့် အဓိသီလသိက္ခာ-ပုဒ်ကို "အဓိကံ သီလံ အဓိသီလံ၊ အဓိသီလဥ္စ တံ သိက္ခာ စာတိ အဓိသီလသိက္ခာ"ဟု ဝစနတ္ထပြုကာ ပစ္စက္ခ သံဝဏ္ဏနာနည်းအားဖြင့် ဖွင့်ပြဆိုတော်မူ၏။

အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ-ပုဒ်တို့ကိုလည်း အဓိသီလသိက္ခာ-ပုဒ်ကဲ့သို့ ပစ္စက္ခသံဝဏ္ဏနာနည်း အားဖြင့်ပင် ဖွင့်ပြပါမည်လော။

အဘယ်နည်းအားဖြင့် ဖွင့်ပြပါမည်နည်း (ဝါ) အဘယ်သို့ မှတ်သားအပ်ပါသနည်း။

ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေကြားလိုသော အဋ္ဌကထာဆရာသည် (င)ဝါကျကို မိန့်။

**မှတ်ချက်။** အထက်ပါ ကျမ်းတက်နည်း(၂)မျိုးတွင်

ပဌမနည်းကျမ်းတက်အလို "အဓိသီလသိက္ခာ-ပုဒ်၏ ဝစနတ္ထသာ ရှိပါသလော၊ အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ-ပုဒ်တို့၏ ဝစနတ္ထကား အဘယ်ပါနည်း" ဟုလည်းကောင်း၊

ဒုတိယနည်းကျမ်းတက်အလို "အဓိသီလသိက္ခာ-ပုဒ်၏ ပစ္စက္ခသံဝဏ္ဏနာအဖွင့်သာ ရှိပါသလော၊ အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ-ပုဒ်တို့၏ အတိဒေသသံဝဏ္ဏနာအဖွင့်ကား အဘယ်ပါနည်း"ဟု လည်းကောင်း ပက္ခန္တရဝါကျကြံပြီး ဝေအာဘော်ဆင်၍ တက်လည်း အမှတ်ပေးပါသည်။

၃။ **(မေး)** (ခ၊ င)ဝါကျတို့ကို ဖြစ်သင့်သမျှ အကြောင်းပြ၍ ဝါကျအမည်ပေးပြီးလျှင် (က)ဝါကျရှိ ဘိက္ခုနံ-ပုဒ်ကို သဒ္ဒါနည်း စာစပ်ပြခဲ့ပါ။

**(ဖြေ)** (ခ)ဝါကျသည် သိက္ခာတိ-စသော ပါဠိတော်၏ အဝယဝတ္ထကို အကျယ်ချဲ့၍ ပြသောကြောင့် ဝိတ္ထာရ ဝါကျဖြစ်ပါသည်။ (၁-မှတ်)

**(တစ်နည်း)** သိက္ခာတိ-စသော ပါဠိတော်၏ အနုသန္ဓေသမ္ဗန္ဓမှတစ်ပါး အဝယဝတ္ထဟူသော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျဖြစ်ပါသည်။ (၂-မှတ်)

(င)ဝါကျသည် အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာပုဒ်တို့ကို ပစ္စက္ခသံဝဏ္ဏနာနည်းဖြင့်ပင် ဖွင့်ပြမည်လော, အဘယ်သို့ မှတ်သားအပ်ပါသနည်း-ဟူသော စောဒနာကို ပယ်လို၍

အားထုတ်အပ်သောကြောင့် (ဝါ) ဂန္ထဂရုဒေါသကို ပယ်လို၍ အားထုတ်အပ်သောကြောင့် ဝါကျာရမ္ဘဝါကျဖြစ်ပါသည်။ **(၂-မှတ်)**

**(တစ်နည်း)** အဓိသီလသိက္ခာပုဒ်၏ ပစ္စက္ခသံဝဏ္ဏနာအဖွင့်မှတပါး အဓိစိတ္တာသိက္ခာ, အဓိပညာ သိက္ခာ-ပုဒ်တို့၏ အတိဒေသသံဝဏ္ဏနာအဖွင့်ဟူသော အဖို့တပါးကို ပြသောကြောင့် ပက္ခန္တရဝါရကျ ဖြစ်ပါသည်။ **(၂-မှတ်)**

**(တစ်နည်း)** "အတိဒေသောပိ ဝိတ္ထာရဋ္ဌာနေ တိဋ္ဌတိ"ဟူသော ဝိသုဒ္ဓိမဂ်မဟာဋီကာ ပရိဘာသာနှင့် အညီ အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ-ပုဒ်တို့၏ ပဒတ္ထ, ပဒဝိဂ္ဂဟတို့ကို အကျယ်ချဲ့၍ ပြသောကြောင့် ဝိတ္ထာရဝါကျဖြစ်ပါသည်။ **(၁-မှတ်)**

**ဘိက္ခုနံ-ပုဒ် သဒ္ဒါနည်း စာစဉ်**

ဘိက္ခုနံ-ကား တို့၏-ဟူ၍ အနက်ပေးသောကြောင့် သိက္ခာသာဇီဝသမာပန္နော-ဝယ် သိက္ခာ သာဇီဝ ဟူသောရှေ့ပုဒ်၌ သမ္ဗန်၊ သိက္ခာသာဇီဝ-ဟူသောရှေ့ပုဒ်ကား သမ္ဗန္ဓီအဖြစ်ဖြင့် စပ်အပ်၏။ **(၂-မှတ်)**

၄။ **(မေး)** (က)ဝါကျ၌ ဒသေ့န္တော-ပုဒ်ကို ဝစနတ္ထပြု၍ ဉာသ်နည်းအရ မှန်ကန်စွာ ကောက်ပြခဲ့ပါ။

**(ဖြေ)** **ဒဿေတီတိ ဒဿေန္တော။** **(၂-မှတ်)**

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဒဿေတိ၊ မြင်စေတော်မူတတ်၏ (ဝါ) ပြတော်မူတတ်၏။ က္ကတိ၊ ထို့ကြောင့်။ သော ဘဂဝါ၊ သည်။ ဒဿေန္တော၊ ဒဿေန္တ-မည်၏။ ဟေတုကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ဟေတာကတ္တုသာဓနကိတ်ပုဒ်။

ဒိသဓာတ်၊ ကာရိုတ်ဏေပစ္စည်း၊ အန္တပစ္စည်း။ **(၁-မှတ်)**

**ဒိသဓာတ်-အရ သုဒ္ဓကတ္တုဋ္ဌကြိယာကား**-သိက္ခာနှင့် သာဇီဝကို မြင်သိသော ရဟန်းတို့၏ သန္တာန်၌ သိမြင်သောအခြင်းအရာအားဖြင့်ဖြစ်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ **(၂-မှတ်)**

**ဟေတုကတ္တုဋ္ဌကြိယာကား**- မြင်စေတော်မူသော (ဝါ)ပြတော်မူသော ဘုရားရှင်၏သန္တာန်၌ ကရုဏာ ပုဗ္ဗင်္ဂမ ဒေသနာဉာဏ်ပြဓာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ဖလူပစာရတ္ထအားဖြင့် ရ၏။ **(၂-မှတ်)**

**အန္တပစ္စည်း၏အရကား**- ထိုမုချ ဖလူစာရတ္ထတို့ဖြင့် မှတ်သားအပ်သော မြတ်စွာဘုရားဒြပ် ရ၏။ **(၂-မှတ်)**

ထိုသို့ပင် ရှေးသော်လည်း ဒဿေန္တော-ပုဒ်သည် ဝိသေသနပုဒ်ဖြစ်၍ ဝိသေသနပုဒ်တို့၏သဘော သည် ဂုဏ်ကိုသာ ပဓာနအားဖြင့်ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော ပြသည်၏အဖြစ်- ဟူသော ဓာတွတ္ထသည်သာ ပဓာနအားဖြင့် ရ၏။ **(၁-မှတ်)**

၅။ **(မေး)** (က)ဝါကျလာ သာဇီဝ-ပုဒ်၌ ဖြစ်သင့်သော ဓာတု+ဓာတွတ္ထ၊ (ခ)ဝါကျလာ ပရိစ္ဆေဒ-ပုဒ်၌ ဖြစ်သင့်သော ပစ္စယ+ပစ္စယတ္ထတို့ကို ညွှန်ပြ၍ က္ကဒါနီ-ပုဒ်ကို ပဒ, လိင်, ဂဏအားဖြင့် ဝေဘန်ပြခဲ့ပါ။

**(ဖြေ)** (က) ဝါကျရှိ သာဇီဝ-ပုဒ်၌ သဟပုဗ္ဗ, အာပုဗ္ဗ, ဇီဝဓာတ်၊ **(၂-မှတ်)** ပါဏဓာရဏတ္ထ။ **(၂-မှတ်)**

(ခ)ဝါကျလာ ပရိစ္ဆေဒ-ပုဒ်၌ ဏပစ္စည်း၊ **(၁-မှတ်)**

**ဘာဝသာနေတ္တ၊ (တနည်း) ကရဏသာနေတ္တ။** **(၂-မှတ်)**
**ဣဒါနိ-ပုဒ်ကား နိပါတ်ပုဒ်(တနည်း) အဗျယတဒ္ဓိတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်။** **(၃-မှတ်)**

**၆။ (မေး)** (ဃ)ဝါကျဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာအမည်တို့ကို တွဲစပ်ဖော်ပြ ခဲ့ပါ။

**(ဖြေ)** (ဃ)ဝါကျ သိက္ခိတဗ္ဗတော-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အဓိသီလသိက္ခာ-ပုဒ်ဝယ် သိက္ခာ-ပုဒ်၌ သိက္ခ ဓာတ်၏အဖြစ်ကိုလည်းကောင်း (ဒုတိယဓာတုပဒ)၊ အပစ္စည်း၏ ကမ္မသာနေအနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း (ဒုတိယပစ္စယတ္ထ)၊ သိက္ခိတဗ္ဗာတိ သိက္ခာ-ဟု ကမ္မသာနေဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း (အဘိဓာနတ္ထ) သိစေပါသည်။ **(၆-မှတ်)**
အဓိသီလဉ္စ တံ သိက္ခာ စ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အဓိသီလသိက္ခာပုဒ်ကို "အဓိသီလဉ္စ တံ သိက္ခာ စာတိ အဓိသီလသိက္ခာ"ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒ)၊ ယင်းသမာသ်၏ တုလျအနက်ကို ဟောသည်၏ အဖြစ်ကိုလည်း ကောင်း (သမာသလိင်္ဂတ္ထသံဝဏ္ဏနာ) သိစေပါသည်။ **(၄-မှတ်)**

**၇။ (မေး)** (က)ဝါကျ၌ ဣဒံ ပဒံ/ဣမံ ပဒံ-ဟုလည်းကောင်း၊ (င)ဝါကျ၌ ဧသ နယော/ဧသော နယော-ဟုလည်းကောင်း ပါဠိနှစ်ထွေစီ ရှိတတ်ရာ သင့်ရာပါဠိတို့ကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

**(ဖြေ)** (က)ဝါကျ၌ ဣဒံ ပဒံ/ဣမံ ပဒံ-ဟု ပါဠိနှစ်ထွေရှိရာတွင်
ဤနေရာ၌ ဣမ-သဗ္ဗနာမ်ပုဒ်သည် ပဒံ-ဟူသော နပုလ္လိင်သဒ္ဒါကို စွဲ၍ အံဝိဘတ်ဖြင့် ပြီးသောပုဒ်တည်း။ နပုလ္လိင်အရာဝယ် အံဝိဘတ်နှောင်းရာ၌ ဝိဘတ်နှင့်တကွ ဣမ-သဒ္ဒါကို ဣဒံ-ပြုခြင်းသည် ဝိကပ် ဖြစ်သောကြောင့် ဣဒံ-ပြုလျှင် "ဣဒံ ပဒံ"ပါဠိ သင့်ပါသည်၊
ဣဒံ-မပြုလျှင် "ဣမံ ပဒံ"ပါဠိလည်း သင့်ပါသည်။ **(၅-မှတ်)**
(င)ဝါကျ၌ ဧသ နယော/ဧသော နယော-ဟု ပါဠိနှစ်ထွေရှိရာတွင်
ဧသ နယော-ကို ဧသော နယော-ဟု ပုဒ်ဖြတ်၊ န-ဗျည်းနှောင်းရာ၌ ဩသရကို ချေ၊ ထိုချေရာ၌ အ-လာ၍ ရုပ်ပြီးသောကြောင့် ဧသ နယော-ပါဠိသာ သင့်ပါသည်။
ဧသော နယော-ပါဠိကား မသင့်မြတ်ပါ။ **(၅-မှတ်)**

**၈။ (မေး)** သိက္ခာသာဇီဝသမာပန္နော-ပုဒ်၌ သာဇီဝသဒ္ဒါကို ထောက်၍ သိက္ခာ-ပုဒ်၌ ရသင့်သော နယူပစာကို ဆိုရိုးကျ ရေးသားခဲ့ပါ။

**(ဖြေ)** **သိက္ခာ-သာဇီဝသမာပန္နော-ဝယ် သိက္ခာ-ပုဒ်၌ နယူပစာ**
ကေဒေသိနော နာမံ ကေဒေသမှိ ဥပစာရော ဝေါဟာရော ကေဒေသူပစာရော-ဟူသော ဝစနတ္ထနှင့်အညီ အပေါင်း၏အမည်ကို အစိတ်၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် ကေဒေသူပစာသဒ္ဒါမည်၏။
ပြယုဂ်ကား- သိက္ခာသာဇီဝသမာပန္နော-၌ သိက္ခာ-တည်း။
ဤပြယုဂ်၌ သိက္ခာ-ဟူသောသဒ္ဒါသည် အပေါင်းဖြစ်သော အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ (၃)မျိုးလုံး၏ သိက္ခာ-ဟူသောအမည်ကို အစိတ်ဖြစ်သော အဓိသီလသိက္ခာ၌

**တင်စား၍ အစိတ်ဖြစ်သော အဓိသီလသိက္ခာကို ဤ၌ သိက္ခာ-ဟု ဆိုထားသောကြောင့် ကေဒေသူပစာ (ကေဒေသူပစာ) သဒ္ဒါမည်၏။** **(၅-မှတ်)**

**မှတ်ချက်။** သမုဒါယူပစာရေးလည်း အမှတ်ပေးပါသည်။

ထို၌ ထင်သောအားဖြင့် ဤ၌ ခေါ်ဝေါ်အပ်သောနည်းသည် ရှင်းနည်းမည်၏။

ပြယုဂ်ကား-သိက္ခာသာဇီဝသမာပန္နော-၌ သိက္ခာ-တည်း။

ဤ ပြယုဂ်၌ သိက္ခာ-ဟူသောနည်းသည် အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ-ဟူသော ထို၌ထင်သော သိက္ခာ-ဟူသောအမည်ကို အဓိသီလသိက္ခာ-ဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ရှင်းနည်းမည်၏။ **(၅-မှတ်)**

**မှတ်ချက်။ နေယျတ္ထနည်း၊ အဘေဒနည်းများ ဖြေလျှင်လည်း အမှတ်ပေးပါသည်။**

**တင်ပို တင်နည်း မှားသော်လည်း နည်း၊ ဥပစာမှန်က(၂-မှတ်စီ) ပေးပါသည်။**

တ္ထေ စ "သိက္ခာ"တိ သာဇီဝသဟစရိယတော အဓိသီလသိက္ခာဝ အဓိပ္ပေတာ။ (ကင်္ခါဋီသစ်၊ ၁၇၇)

၉။ **(မေး)** ထိုပါတိမောက္ခသံဝရသီလသည် နေသည် တောက်ပကုန်သော လ, နက္ခတ်, တာရာတို့ထက် သာလွန်မွန် မြတ်သကဲ့သို့ အလုံးစုံကုန်သော လောကီသီလတို့ထက် သာလွန်လည်း သာလွန်၏, မွန်မြတ်လည်း မွန်မြတ် ၏၊ ဘုရားပွင့်ရာအခါ၌သာ ဖြစ်၏-ဟူသော မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုရေးသားခဲ့ပါ။

**(ဖြေ)** တံ သူရိယော ဝိယ ပဇ္ဇောတာနံ သဗ္ဗလောကိယသီလာနံ အဓိကဥ္စေဝ ဥတ္တမဥ္စ၊ ဗုဒ္ဓုပ္ပါဒေယေဝ ပဝတ္တတိ။ (၄၊ ၂၀၉) **(၁၀-မှတ်)**

**မှတ်ချက်။** သိနေရု ဝိယ ပဗ္ဗတာနံ-ဟူသော ဥပမာစကားရပ် မေးခွန်း၌ မပါသည်ကို သတိပြုရမည်။

၁၀။ **(မေး)** (ဂ)ဝါကျလာ အဓိသီလံ-ပုဒ်၌ ဥပစာရတ္ထမွေကို ကိုယ်ပြု၍ အာရုယှာရုယှနည်းအားဖြင့် ပဒဋ္ဌာနဟာရ နေတ္တိနည်း လေးခုမျှ ထုတ်ပြခဲ့ပါ။

**(ဖြေ)** **ပဒဋ္ဌာနဟာရ-ဟူသော်ကား**

"ပဒဋ္ဌာနံ ဝိစာရေတိ ဓေတ်နာတိ ပဒဋ္ဌာနော"ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ဟောအပ်သော တရား၏ပဒဋ္ဌာန်ကို ဩရုယှောရုယှအားဖြင့်လည်းကောင်း၊ အာရုယှာရုယှအားဖြင့်လည်းကောင်း စိစစ်ကြောင်းဖြစ်သောကြောင့် ပဒဋ္ဌာနဟာရမည်၏။ **(၂-မှတ်)**

အဘယ်သို့ စိစစ်သနည်းဟူမူကား (ဂ)ဝါကျလာ အဓိသီလံ-ပုဒ်၌ ဥပစာရတ္ထမွေ-အရ ပါတိမောက္ခသံဝရသီလကို ယူ၍ **(၃-မှတ်)** ယင်းပါတိမောက္ခသံဝရသီလဟူသည် သံဝရပင်တည်း။

ယင်းသံဝရသည် အဝိပ္ပဋိသာရ၏ ပဒဋ္ဌာန်တည်း၊ **(၁-မှတ်)**

ယင်းအဝိပ္ပဋိသာရသည် ပါမောဇ္ဇ၏ ပဒဋ္ဌာန်တည်း၊ **(၁-မှတ်)**

ယင်းပါမောဇ္ဇသည် ပီတိ၏ ပဒဋ္ဌာန်တည်း၊ **(၁-မှတ်)**

ယင်းပီတိသည် ပဿဒ္ဓိ-၏ ပဒဋ္ဌာန်တည်း၊ **(၁-မှတ်)**

ဤသို့လျှင် သုတ်၌ ဟောအပ်သောတရား၏ပဒဋ္ဌာန်ကို အာရုယှာရုယှအားဖြင့် စိစစ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏-ဟူလိုသော်။ **(၁-မှတ်)**

**မှတ်ချက် - အကောတ်မှားသော်လည်း ဆိုးရိုးတျတျ ရေးလျှင် ၄-မှတ် ပေးပါသည်။**

-------------------

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အစိုးရဓမ္မာစရိယစာမေးပွဲ

**စာစစ်တန်းရှိုးကျီး ။ ။ ပါရာဇိကဏ်အဋ္ဌကထာပါဠိ+အဋ္ဌကထာ (ဒုတိယနေ့)**

၁၃၈၂-ခုနှစ်၊ ပထမဝါဆိုလဆုတ်(၆)ရက် (၁၀-၇-၂၀၂၀) သောကြာနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

=============================

(က) **ကုမ္ဘကာရပုတ္တောတိ** ကုမ္ဘကာရဿ ပုတ္တော။

(ခ) တဿ ဟိ နာမံ/နာမော ဓနိယော၊ ပိတာ ကုမ္ဘကာရော။

(ဂ) တေန ဝုတ္တံ “ဓနိယော ကုမ္ဘကာရပုတ္တော”တိ။

၁။ **(မေး)** ဝုတ္တံ-၏ ကတ္တားပုဒ် ထည့်လျက် အထက်ပါဝါကျများကို အနက်ပေးခဲ့ပါ။

**(ဖြေ)** (က) **ကုမ္ဘကာရပုတ္တောတိ**-ကား။ ကုမ္ဘကာရဿ၊ အိုးထိန်းသည်၏။ ပုတ္တော၊ သားဖြစ်သော။

(ခ) ဟိ-သစ္စံ၊ မှန်၏။ တဿ ထေရဿ၊ ထိုမထေရ်၏။ နာမံ၊ အမည်သည်။ ဓနိယော၊ ဓနိယတည်း။ ပိတာ၊ အဖသည်။ ကုမ္ဘကာရော၊ အိုးထိန်းသည်တည်း။

(ဂ) တေန၊ ထို့ကြောင့်။ “ဓနိယော ကုမ္ဘကာရပုတ္တော”တိ၊ ဟူ၍။ အာယသ္မတာ ဥပါလိတ္ထေရေန၊ သည်။ (တနည်း) သံဂီတိကာရေဟိ၊ တို့သည်။ (ကတ္တား) ဝုတ္တံ၊ ဆိုအပ်ပြီ။ **ကတ္တား ၂-မှတ်၊ ကြွင်း ၈-မှတ်**

၂။ **(မေး)** (ခ) အမှတ်ပြဝါကျကို သာဘောဂပုစ္ဆာ ကျမ်းတက်ပြခဲ့ပါ။ (အဓိပ္ပါယ်ပြန်ရန် မလိုပါ)

**(ဖြေ) (ခ) သာဘောဂပုစ္ဆာ**

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် (က)ဝါကျဖြင့် ကုမ္ဘကာရပုတ္တော-ပုဒ်ကို ကုမ္ဘကာရဿ ပုတ္တော ကုမ္ဘကာရပုတ္တော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ဖွင့်ပြဆိုတော်မူ၏။ **၂-မှတ်**

ယင်းပုဒ်ကို ကုမ္ဘကာရော စ သော ပုတ္တော စာတိ ကုမ္ဘကာရပုတ္တော-ဟု ကမ္မဓာရည်း သမာသ် (ဝါ) ကုမ္ဘကာရော စ ပုတ္တော စ ကုမ္ဘကာရပုတ္တော-ဟု ဒွန်သမာသ်ဝစနတ္ထ ပြုသင့် ပြုနိုင်ရာသည် မဟုတ်ပါလော။ **၃-မှတ်**

ထိုသို့ဖြစ်ပါလျက် ကုမ္ဘကာရဿပုတ္တော ကုမ္ဘကာရပုတ္တော-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်ဟု ဖွင့်ဆိုသော ဆရာ့စကားသည် အဘယ်သို့လျှင် သင့်ရာပါ အံ့နည်း။ **၃-မှတ်**

ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေဆိုလိုသော အဋ္ဌကထာဆရာသည် (ခ)ဝါကျကို မိန့်။ ၂-မှတ်

**မှတ်ချက် - ဒင္ဂီရလျှင် ကာရကဝါကျ ရမြဲဖြစ်၍ ကာရကဝါကျယူပြီး မေးလျှင်လည်း အမှတ်ပေးပါသည်။**

၃။ **(မေး)** (ခ)(ဂ) ဝါကျတို့ကို အကြောင်းပြ၍ ဝါကျအမည်ပေးခဲ့ပါ။

**(ဖြေ)** (ခ) ဝါကျသည် (က)ဝါကျကို ယုတ္တိအားဖြင့် ခိုင်မြဲအောင်ပြုသောကြောင့် ယုတ္တိဒင္ဂီကရဏဝါကျ ဖြစ်ပါသည်။ ၅-မှတ်

(တစ်နည်း) (က)ဝါကျ၏ အကြောင်းကို ပြသောကြောင့် ကာရဏဝါကျဖြစ်ပါသည်။

(ဂ) ဝါကျသည် (ခ)ဝါကျကို ဆိုသဖြင့် ရရှိအပ်သော အကျိုးဂုဏ်ကို ပြသောကြောင့် လဒ္ဓဂုဏဝါကျ ဖြစ်ပါသည်။ ၅-မှတ်

(တစ်နည်း) (ဂ)ဝါကျသည် ဆိုခဲ့ပြီးသောစကားရပ်ကို အကျဉ်းချုံး၍ နိဂုံးအုပ်ပြသောကြောင့် နိဂမနဝါကျ ဖြစ်ပါသည်။**(တစ်နည်းမှန်လည်း အမှတ်ပေးပါသည်။)**

၄။ **(မေး)** (ခ) ဝါကျ ပိတာ-ပုဒ်ကို ဝစနတ္ထပြ၍ ဉာဉ်နည်းအရ မှန်ကန်စွာ ကောက်ပြခဲ့ပါ။

**(ဖြေ) ပုတ္တံ ပါတိ ရက္ခတီတိ ပိတာ။ (ပါတိ ပုတ္တန္တိ ပိတာ)** ၂-မှတ်

ပုတ္တံ၊ သားသွီးကို။ ပါတိ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ပိတာ၊ ပိတု-မည်၏။ ကတ္တုသာဓနကိတ်ပိဋ္ဌိယ်၊ ပါဓာတ်+ရိတုပစ္စည်း။ ၁-မှတ်

ပါဓာတ်၏အရကား - သားသမီးကို စောင့်ရှောက်သော ဖခင်တို့၏သန္တာန်၌ စောင့်ရှောက်သော အခြင်းအရာအားဖြင့်ဖြစ်သော မေတ္တာ, စေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ၂-မှတ်

ရှေးရှေး၌ဖြစ်သောစိတ္တုပ္ပါဒ်သည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ၁-မှတ်

နောက်နောက်၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ၁-မှတ်

ရိတု-ပစ္စည်း၏အရကား ထိုမုချ,ဖလူ,ကာရဏူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ဖခင်ဒြပ် ရ၏။ ၂-မှတ်

ထိုသို့ပင် ရငြားသော်လည်း ဤ၌ ပိတု-သဒ္ဒါသည် ကေဒေသျူပစာ (သမုဒါယူပစာ) သဒ္ဒါ ဖြစ်သောကြောင့် အရှင်ခနိယမထေရ်၏ အိုးထိန်းသည်ဖခင်ဒြပ်သည်သာ ပဓာနအားဖြင့်ရ၏။ ၁-မှတ်

၅။ **(မေး)** ပုတ္တော-ပုဒ်ကို ဖြစ်သင့်သမျှ ဓာတု+ပစ္စယ ဝေဘန်ပြခဲ့ပါ။

**(ဖြေ)** ပုတ္တော =ပုဓာတ်+တပစ္စည်း။ ၃-မှတ်

**ပူရဓာတ်+တပစ္စည်း။** **၃-မှတ်**

**ပုသဓာတ်+တပစ္စည်း။** **၄-မှတ်**

၆။ **(မေး)** (က) ဝါကျဖြင့် သိစေအပ်သော အဌကထာဆရာ၏ ဗျတိရေကာဘောဂ, အန္ဒယာဘောဂ တို့ကို သံဝဏ္ဏနာ အမည်နှင့် တွဲစပ်ဖော်ပြခဲ့ပါ။

**(ဖြေ)** (က) ဝါကျ သံဝဏ္ဏနာပါဌ်ဖြင့် ကုမ္ဘကာရပုတ္တော-ပုဒ်ကို ကုမ္ဘကာရော စ သော ပုတ္တော စာတိ ကုမ္ဘကာရပုတ္တော-ဟု ကမ္မဓာရည်းသမာသ် (ဝါ) ကုမ္ဘကာရော စ ပုတ္တော စ ကုမ္ဘကာရပုတ္တော-ဟု ဒွန်သမာသ်ဝစနတ္ထ မပြုရ (ဗျတိရေက) **၄-မှတ်**
ကုမ္ဘကာရဿ ပုတ္တော ကုမ္ဘကာရပုတ္တော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို လည်းကောင်း (အဘိဓာနတ္ထသံဝဏ္ဏနာ) **၄-မှတ်**
ယင်းသမာသ်၏ ကတ္တားအနက်ကို မဟော၊ သမ္ဗန်အနက်ကို ဟောသည်၏အဖြစ်ကို လည်းကောင်း (သမာသလိင်္ဂတ္ထသံဝဏ္ဏနာ) သိစေပါသည်။ **၂-မှတ်**

၇။ **(မေး)** (ခ) ဝါကျ၌ "နာမံ/နာမော"ဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ခဲ့ပါ။

**(ဖြေ)** (ခ) ဝါကျ၌ နာမံ/နာမော-ဟု ပါဌ်နှစ်ထွေရှိရာ
"သညာချာဝှါ သမညာ စ၊ ဘိဓာနံ နာမမဝှယော"ဟူသော အဘိဓာန်နှင့်အညီ အမည်ဟော နာမသဒ္ဒါသည် နပုလ္လိင်မျှဖြစ်သောကြောင့် "နာမံ"ပါဌ်သာ သင့်ပါသည်။ နာမော-ပါဌ်ကား မသင့်ပါ။ **၁၀-မှတ်**

၈။ **(မေး)** (က) ဝါကျ သံဝဏ္ဏေတဗ္ဗပုဒ်၌ ရသင့်သမျှသောနည်းတို့ကို အမည်မျှဖော်ပြ၍ (ခ)ဝါကျ တဿ-ကို ထောက် ရှုလျက် ပိတာ-ပုဒ်၌ ရသင့်သော ဥပစာကို အကြောင်းပြဖြေဆိုခဲ့ပါ။

**(ဖြေ)** (က) သံဝဏ္ဏေတဗ္ဗပုဒ်၌ တစေသဇ္ဇနည်း၊ **၂-မှတ်**

ဘိက္ခာစရိယနည်းတို့ ရပါသည်။ **၂-မှတ်**

(ခ) **ဝါကျ ပိတာ-ပုဒ်၌ ရသင့်သော ဥပစာ**
အပေါင်းဖြစ်သော ဖခင်မှန်သမျှ၏ အမည်ကို အစိတ်ဖြစ်သော အရှင်ဓနိယ၏ ဖိုးထိန်း သည်ဖခင် ဒြပ်၌ တင်စား၍ ဆိုထားသောကြောင့် ကေဒေသူပစာ (သမုဒါယူပစာ) ရပါသည်။ **၆-မှတ်**

၉။ **(မေး)** လူတို့သည် ထိုပစ္စေကဗုဒ္ဓါတို့ကို ဝင်သွားသည်တို့ကိုသာ မြင်ကြရကုန်၏ ပြန်ထွက်လာသည်တို့ကို မမြင်ကြရကုန်-ဟူသော မြန်မာစကားရပ်ကို ပါဠိဝါကျပြန်ဆိုရေးသားခဲ့ပါ။

**(ဖြေ)** မနုဿာ တေ (ပစ္စေကဗုဒ္ဓေ) ပဝိသန္တေဝ ပဿန္တိ န နိက္ခမန္တေ။ **၁၀-မှတ်**

၁၀။ **(မေး)** (ခ)ဝါကျ ကုမ္ဘကာရော-၌ ရှေ့ပုဒ်အရတရားကို ကိုယ်ပြု၍ ခန္ဓောတရကဏှာရနေတွင်နည်း ထုတ်ပြခဲ့ပါ။

**(ဖြေ)** ဩတရဏဟာရဟူသည်ကား

“ဩတာရိယန္တိ အနုပဝေသိယန္တိ ဧတေန သုတ္တာဂတဓမ္မာ ခန္ဓာဒီသူတိ ဩတရဏော”ဟူသော ဝစနတ္ထနှင့်အညီ သုတ္တာဂတဓမ္မတို့ကို ခန္ဓာစသည်တို့၌ ချသွင်းကြောင်း ဖြစ်သောကြောင့် ဩတရဏ ဟာရမည်၏။ **၂-မှတ်**

အဘယ်သို့ချသွင်းသနည်းဟူမူကား

(ခ) ဝါကျ ကုမ္ဘကာရော-၌ ကုမ္ဘ-ဟူသော ရှေ့ပုဒ်အရ

အိုးဟူသော အဌကလာပ်ရုပ် ရှစ်ခုကို ယူ၍ **၃-မှတ်**

ထိုသည် ရူပက္ခန္ဓာမည်၏။ **၃-မှတ်**

ဤသို့လျှင် သုတ္တာဂတဓမ္မတို့ကို ခန္ဓာ၌ ချသွင်းခြင်းကြောင့် ခန္ဓောတရဏဟာရမည်၏။ **၂-မှတ်**

---

**ဓမ္မာစရိယစာမေးပွဲ**

**ပါရာဇိကကဏ္ဍပါဠိ+အဋ္ဌကထာ။ ။ဒုတိယနေ့မေးခွန်း**

**၁၃၈၃-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၈)ရက် (၂-၆-၂၀၂၁) ဗုဒ္ဓဟူးနေ့**

**ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)**

**(သတိပြုရန်အချက်။ ။စာဖြေချိန် ၂-နာရီပြည့်မှ စာဖြေခန်းအတွင်းမှ ထွက်ခွာရန်)**

## M-006

**စာချတန်းရိုးရိုး**

**(က) တတ္ထ အာရကတ္တာ, အရီနံ အရာနဉ္စ ဟတတ္တာ, ပစ္စယာဒီနံ အရဟတ္တာ, ပါပကရဏေ ရဟာဘာဝါ တိ ဣမေဟိ တာဝ ကာရဏေဟိ သော ဘဂဝါ အရဟန္တိ ဝေဒိတဗ္ဗော/ဝေဒိတဗ္ဗံ။**

**(ခ) အာရကာ ဟိ သော သဗ္ဗကိလေသေဟိ သုဝိဒူရဝိဒူရေ ဌိတော/ဌိတော။**

**(ဂ) မဂ္ဂေန သဝါသနာနံ ကိလေသာနံ ဝိဒ္ဓံသိတတ္တာတိ အာရကတ္တာ အရဟံ။**

**(ဃ) တေ စာနေန ကိလေသာရယော မဂ္ဂေန ဟတာတိ အရီနံ ဟတတ္တာပိ အရဟံ။**

၁။ (က) အမှတ်ပြဝါကျကို အရီနံ-ပုဒ်၌ ကာကောလောကနနည်းကြံလျက် "ပဋမံ တာဝ ရှိကဇကေန်"" စသော နိယံနှင့်အညီ အနက်ယောဇနာခဲ့ပါ။

၂။ (ခ) အမှတ်ပြဝါကျကို အနုသန္ဓေ (ဂ) အမှတ်ပြဝါကျကို ဒေါသာရောပနစောဒနာ ကျမ်းတက်ပြခဲ့ပါ။

၃။ (ခ) စသောဝါကျတို့ကို အကြောင်းပြ၍ ဝါကျအမည်ပေးပြီးလျှင် (ဃ) ဝါကျလာ အနေန-ပုဒ်ကိုလည်း သဒ္ဒါနည်း စာစပ်ပြခဲ့ပါ။

၄။ မဂ္ဂေန-ကို ကိတန္တသမာသ်ဝစနတ္ထပြု၍ မှန်ကန်စွာ ညသ်နည်းကောက်ပြခဲ့ပါ။

၅။ ပစ္စယ, သဗ္ဗ, ဝါသနာ, အရဟံ-ပုဒ်တို့ကို ဓာတု, ပစ္စယ-အားဖြင့် အသီးသီး ဝေဘန်ပြခဲ့ပါ။

၆။ (ဂ) (ဃ) ဝါကျတို့၌ အဋ္ဌကထာဆရာ သိစေအပ်သော အာဘော်နှင့် သံဝဏ္ဏနာအမည်များကို တွဲစပ်ဖော်ပြခဲ့ပါ။

၇။ (က) ဝါကျ၌ ဝေဒိတဗ္ဗော/ဝေဒိတဗ္ဗံ, (ခ) ဝါကျ၌ ဌိတော/ဌိတော-ဟူ၍ ပါဌ်နှစ်ထွေစီရှိကြရာ သင့်ရာ ပါဌ်တို့ကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

၈။ (ဃ) ဝါကျလာ အရီနံ-ပုဒ်၌ ရထိုက်သော နယူပစာရကို ဆိုရိုးကျ ရေးပြခဲ့ပါ။

၉။ အောက်ပါ မြန်မာဝါကျကို စုဏ္ဏိယပါဠိဝါကျ စီကုံးပြခဲ့ပါ။

တစုံတခုသော ယုတ်ခြင်းသည် မနှိပ်စက်အပ်ဘဲ မကုန်သည်သာလျှင်ဖြစ်သော ထိုမြတ်သော အမျိုးကို ပယ်စွန့်တော်မူ၍ ယုံကြည်တော်မူ၍ ရဟန်းပြုတော်မူသော ဤသို့ ဆိုလိုသည် ဖြစ်၏။

၁၀။ (ဂ) ဝါကျလာ မဂ္ဂေန-အရ ဣဓာဓိပ္ပေတတ္ထကို တိကျစွာ ကောက်ယူပြီးလျှင် ပဒဋ္ဌာနဟာရနေတ္တိနည်း ဆိုရိုးကျ ထုတ်ဆောင်ပြခဲ့ပါ။

**တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ**

**(မေးခွန်းစာရွက်ပေါ်တွင် ခုံအမှတ်မှတစ်ပါး မည်သည့်စာမျှ မရေးရ)**

**ဓမ္မာစရိယစာမေးပွဲ**

**ပါရာဇိကကဏ္ဍပါဠိ+အဋ္ဌကထာ။ ။ဒုတိယနေ့မေးခွန်းနှင့်အဖြေ**

၁၃၈၃-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၈)ရက် (၂-၆-၂၀၂၁) ဗုဒ္ဓဟူးနေ့

••••••••••••••••••••••••••••

**၁။ (က) အမှတ်ပြဝါကျကို အရိန်-ပုဒ်၌ ကာကောလောကနနည်းကြံလျက် "ပဌမံ တာဝ ရှိကဇေကန်ᵁᵁ စသော နိယံနှင့်အညီ အနက်ယောဇနာခဲ့ပါ။**

**(အဖြေ) (က) တတ္ထ တသ္မိ ဝစနေ၊ ထိုစကား၌။ သမ္မာသမ္ဗုဒ္ဓါဒီဟိ၊ သမ္မာသမ္ဗုဒ္ဓေါ်အစရှိသည်တို့မှ။ (တာဝ အပါဒါန်) သမ္မာသမ္ဗုဒ္ဓါဒီနံ၊ သမ္မာသမ္ဗုဒ္ဓေါ်အစရှိသည်တို့၏။ (တာဝသမ္ဗန်) တာဝ၊ ရှေးဦးစွာ။ အရီနံ၊ ကိလေသာဟုဆိုအပ်ကုန်သော ရန်သူတို့မှ။ အာရကတ္တာ၊ ဝေးတော်မူတတ်သည်၏အဖြစ်ကြောင့် လည်းကောင်း။ အရီနံ၊ ကိလေသာဟုဆိုအပ်ကုန်သော ရန်သူတို့ကို (ဝါ) ကိလေသာဟုဆိုအပ်သော ရန်သူတို့၏။ ဟတတ္တာ စ၊ မဂ်ဖြင့် သတ်တော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ အရာနံ၊ သံသရာတည်းဟူသောစက်၏အကန့်တို့ကို (ဝါ) သံသရာတည်းဟူသောစက်၏အကန့်တို့၏။ ဟတတ္တာ စ၊ ဖျက်ဆီးတော်မူတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ပစ္စယာဒီနံ၊ ပစ္စည်းအစရှိသည်တို့ကို (ဝါ) ပစ္စည်းအစရှိသည်တို့၏ (ဝါ) ပစ္စည်းပူဇော်ခြင်းအထူးတို့ကို (ဝါ) ပစ္စည်းပူဇော်ခြင်း အထူးတို့၏။ အရဟတ္တာ စ၊ ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ပါပကရဏေ၊ မကောင်းမှုကို ပြုခြင်း၌။ ရဟာဘာဝါ စ၊ ဆိတ်ကွယ်ရာဖြစ်သောအရပ်၏ မရှိခြင်းကြောင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေဟိ ကာရဏေဟိ၊ ဤအကြောင်းတို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ အရဟန္တိ၊ အရဟံ-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။**

**(အပါဒါန်-၂-မှတ်၊ သမ္ဗန်-၂-မှတ်၊ ကာကောလောကနနည်း ၂-မှတ်၊ ကြွင်း ၄-မှတ်) (ဌ၊ ၁။ ၈၄။ မအူသျ၊၂-၄၈။ ဘာဋီ၊၁။၃၉၅)**

**၂။ (ခ) အမှတ်ပြဝါကျကို အနုသန္ဓေ (ဂ) အမှတ်ပြဝါကျကို ဒေါသာရောပနစောဒနာ ကျမ်းတက်ပြခဲ့ပါ။**

**(အဖြေ) (ခ)ဝါကျ အနုသန္ဓေတက်ပုံ**

ဤသို့ (က)ဝါကျဖြင့် အာရကတ္တာအစရှိသော အကြောင်းငါးမျိုးတို့ကြောင့် အရဟံဟူ၍ သိအပ်၏ဟု အရဟံမည်ခြင်း၏အကြောင်းကို အကျဉ်းအားဖြင့် ပြဆိုပြီး၍ ယခုအခါ၌ အာရကတ္တာအစရှိသည်ဖြင့် ဆိုအပ်ခဲ့ပြီးသောအနက်ကို အကျယ်ချဲ့ပြခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် (ခ)ဝါကျကို မိန့်ဆိုတော်မူ၏။ (၄-မှတ်) (မအူသျ၊၂-၄၉)

**(ဂ)ဝါကျ ဒေါသာရောပနစောဒနာတက်ပုံ**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)ဝါကျလာ အာရကာ ဟိ သော သဗ္ဗကိလေသေဟိ-ဟူသော ပါဠ်ဖြင့် ထိုမြတ်စွာဘုရားသည် အလုံးစုံသောကိလေသာတို့မှ ဝေးတော်မူ၏ဟု ဖွင့်ဆိုတော်မူ၏။ (၂-မှတ်)

အရပ်ဒေသအားဖြင့် ဝေးသောကြောင့် အလုံးစုံသောကိလေသာတို့မှ ဝေးတော်မူ၏ဟု ဆိုအပ်ပါသလော။ (၁-မှတ်)

အဘယ့်ကြောင့် 'အလုံးစုံသောကိလေသာတို့မှ ဝေးတော်မူ၏ဟု ဆိုအပ်ပါသနည်း။ (၁-မှတ်)
အကယ်၍ အလုံးစုံသောကိလေသာတို့မှ ဝေးတော်မူခြင်း၏အကြောင်းကို မပြဆိုချေသော် ဆရာ၌ ဖလ, ကာရဏဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ (၁-မှတ်)
ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနောတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)ဝါကျကို မိန့်ဆိုတော်မူ၏။
အဓိပ္ပါယ်ကား (ဂ)ဝါကျဖြင့် အရပ်ဒေသအားဖြင့် ဝေးသောကြောင့် အလုံးစုံသောကိလေသာတို့မှဝေးသည် မဟုတ်၊ အရဟတ္တမဂ်ဖြင့် ဝါသနာနှင့်တကွ ကိလေသာတို့ကို အကြွင်းမဲ့ ဖျက်ဆီးတော်မူပြီးသည်၏အဖြစ်ကြောင့် ဝေးတော်မူ၏ဟု အကြောင်းကို ငါပြဆိုသည်သာဖြစ်ရကား သင်စောဒကဆရာ တင်သော ဝိရောဓိဒေါသ ငါ၌မရောက် ကင်းစင်လွင့်ပျောက်ပါ၏ဟူလို။ (၁-မှတ်)

**(တစ်နည်း)**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)ဝါကျဖြင့် အာရကာ ဟိ သော သဗ္ဗကိလေသေဟိ-ကို သုဝိဒူရ ဝိဒူရေ ဌိတော-ဟု ဖွင့်ဆိုတော်မူ၏။
အာရကာ-သဒ္ဒါသည် အဝေးဟောဖြစ်၍ ဝိဒူရေ ဌိတော-ဟု သာမညအားဖြင့်သာ ဖွင့်ဆိုသင့်သည် မဟုတ်ပါလော၊
ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် သုဝိဒူရဝိဒူရေ ဌိတော-ဟု အတိသယ ဝိသေသအားဖြင့် ဖွင့်ဆိုတော်မူအပ်ပါသနည်း၊
အကယ်၍ သုဝိဒူရဝိဒူရေ ဌိတော-ဟု အတိသယဝိသေသအားဖြင့် ဖွင့်ဆိုတော်မူရခြင်း၏အကြောင်းကို မပြဆိုချေသော် ဆရာ၌ ဖလ, ကာရဏဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။
ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနောတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)ဝါကျကို မိန့်ဆိုတော်မူ၏။
အဓိပ္ပါယ်ကား (ဂ)ဝါကျဖြင့် ဝိဒူရေ ဌိတော-ဟု သာမညအားဖြင့်သာ ဖွင့်ဆိုသင့်ပါသော်လည်း အရဟတ္တမဂ်ဖြင့် ဝါသနာနှင့်တကွ ကိလေသာအားလုံးတို့ကို အကြွင်းမဲ့ ဖျက်ဆီးတော်မူပြီးသည်၏အဖြစ်ကြောင့် သုဝိဒူရဝိဒူရေ ဌိတော-ဟု အတိသယ ဝိသေသအားဖြင့် ဖွင့်ဆိုတော်မူအပ်၏ဟု အကြောင်းကို ငါပြဆိုသည်သာဖြစ်ရကား သင် စောဒကဆရာ တင်သော ဝိရောဓိဒေါသ ငါ၌မရောက် ကင်းစင်လွင့်ပျောက်ပါ၏ဟူလို။
မှတ်ချက်။ ဒေါသာရောပနစောဒနာတက်၌ တစ်နည်းနည်းမှန်လျှင် အမှတ်ပေးပါသည်။

၃။ (ခ) စသောဝါကျတို့ကို အကြောင်းပြ၍ ဝါကျအမည်ပေးပြီးလျှင် (ဃ) ဝါကျလာ အနေန-ပုဒ်ကိုလည်း သဒ္ဒါနည်း စာစပ်ပြခဲ့ပါ။

(အဖြေ) (ခ)ဝါကျသည် အာရကတ္တာစသောအနက်ကို အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ ဖြစ်ပါသည်။ (၂-မှတ်)

(ဂ)ဝါကျသည် အာရကာ ဟိ သော သဗ္ဗကိလေသေဟိ-ဟူသော ခ-ဝါကျစကားရပ်၏ အကြောင်းကို ပြသောကြောင့် (တစ်နည်း) အာရကာ ဟိ သော သဗ္ဗကိလေသေဟိ-ဟူသောစကားကို သုဝိဒူရဝိဒူရေ ဌိတော-ဟု အတိသယဝိသေသအားဖြင့် ဖွင့်ရခြင်းအကြောင်းကို ပြသောကြောင့် ကာရဏဝါကျ ဖြစ်ပါသည်။ (၂-မှတ်)

ထိုတွင် ဣတိ အာရကတ္တာ အရဟံ-ဝါကျသည် အကျဉ်းချုံး၍ နိဂုံးအုပ်ပြသောကြောင့် နိဂမနဝါကျ ဖြစ်ပါသည်။ (၁-မှတ်)

(ဃ)ဝါကျသည် အာရကတ္တာဟူသော ဟိတ်ပါဌ်၏ အကျယ်မှတပါး အရိနံ ဟတတ္တာဟူသော ဟိတ်ပါဌ်၏ အကျယ်ကို ပြသောကြောင့် ပက္ခန္တရဝါကျ ဖြစ်ပါသည်။ (၂-မှတ်)

ထိုတွင် ဣတိ အရိနံ ဟတတ္တာပိ အရဟံ-ဝါကျသည် အကျဉ်းချုံး၍ နိဂုံးအုပ်ပြသောကြောင့် နိဂမန ဝါကျ ဖြစ်ပါသည်။ (၁-မှတ်)

**(ဃ)ဝါကျ အနေန-သဒ္ဒါနည်း စာစပ်**

(ဃ)ဝါကျလာ အနေန-ကား သည်ဟူ၍ အနက်ပေးသောကြောင့် ဟတာ-၌ ဟန-ဓာတ် တ-ပစ္စည်း တည်းဟူသော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကတ္တား။
ဟတာ-ကား ထိုကတ္တားကို မဟောသော ကိတ်ကြိယာဝါစကအဖြစ်ဖြင့် စပ်အပ်၏။ (၂-မှတ်)

၄။ မဂ္ဂေန-ကို ကိတန္တသမာသ်ဝစနတ္ထပြု၍ မှန်ကန်စွာ ညသ်နည်းကောက်ပြခဲ့ပါ။

(အဖြေ) **ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ၊ (တေန မဂ္ဂေန)။ (၂-မှတ်)**
ကိလေသေ၊ ကိလေသာတို့ကို။ မာရေန္တော၊ သတ်လျက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ ထို့ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။ ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ-ကား ကြိယာဝိသေသနတ္ထ ကိတန္တပထမာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ မဂ္ဂေါ-ကား ကြိယာဝိသေသနတ္ထ ကိတန္တပထမာတပ္ပုရိသ် သမာသ်ပုဒ်။ မာရေန္တ-သဒ္ဒူပပဒ ဂမုဓာတ်၊ ကွိပစ္စည်း။ (၂-မှတ်)

မာရေန္တ-ဟူသော ဝိသေသနပုဒ်၏အရကား ကိလေသာတို့ကို ပယ်သတ်တတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် (ဝါ) ကိလေသာတို့၏ အဘာဝသည် မုချအားဖြင့် ရ၏။ (၁-မှတ်)

ထို-၏ ဝေါ-ဟူသော ဝိသေသျပုဒ်အရ အရဟတ္တမဂ်နှင့် ဂုဏ်, ဂုဏေး၊ ဝိသေသန, ဝိသေသျ၊ အဘာဝ, အဘာဝဝန္တအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။ (၁-မှတ်)

ဂမုဓာတ်၏အရကား အရဟတ္တမဂ်၏ သမုစ္ဆေဒပဟာနသတ္တိ (ဝါ) ဥပါဒ်သည် မုချအားဖြင့်ရ၏။ (၁-မှတ်)

ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ်, အောက်ဖိုလ်ဉာဏ်တို့သည် ဖလူပစာ အားဖြင့် ရ၏။ (၁-မှတ်)

နောက်နောက်၌ဖြစ်သော အရဟတ္တဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်စသည်တို့သည် ကာရဏူပစာအား ဖြင့် ရ၏။ (၁-မှတ်)

ကွိပစ္စည်း၏ အရလည်းဖြစ်သော သမာသ်ပုဒ်လုံး၏အရကား (ဝါ) သမာသ်ပုဒ်လုံး၏အရလည်းဖြစ် သော ကွိပစ္စည်း၏အရကား ထိုမုချ, ဌာနူ၊ မုချ, ဖလူ, ကာရဏူပစာတို့ဖြင့် မှတ်အပ်သော သတ္တိမန္တ, ဥပ္ပါဒဝန္တဖြစ်သော အရဟတ္တမဂ် ရ၏။ (၁-မှတ်)

၅။ ပစ္စယ, သစ္စ, ဝါသနာ, အရဟံ-ပုဒ်တို့ကို ဓာတု, ပစ္စယ-အားဖြင့် အသီးသီး ဝေဘန်ပြခဲ့ပါ။

(အဖြေ) ပစ္စယ-ကား ပတိပုဗ္ဗ ဣ/ဧ/အယ-ဓာတ်၊ အ-ပစ္စည်း။ (၂-မှတ်)
သစ္စ-ကား သရ-ဓာတ်၊ ဝ/ဗ-ပစ္စည်း။ (၂-မှတ်)
ဝါသနာ-ကား ဝသ-ဓာတ်၊ ယု-ပစ္စည်း၊ (ဣတ္ထိလိင်ဇောတက အာ-ပစ္စည်း) (၂-မှတ်)
အရဟံ-ကား အရ/အရိ-သဒ္ဒူပပဒ၊ ဟန-ဓာတ်၊ ကွိ-ပစ္စည်း။ (၂-မှတ်)
(တနည်း) အရဟ-ဓာတ်၊ အန္တ-ပစ္စည်း။ (၂-မှတ်)

၆။ (ဂ) (ဃ) ဝါကျတို့၌ အဋ္ဌကထာဆရာ သိစေအပ်သော အာဘော်နှင့် သံဝဏ္ဏနာအမည်များကို တွဲစပ်ဖော်ပြခဲ့ပါ။

(အဖြေ) (ဂ)ဝါကျ၌ မဂ္ဂေန-ဟူသောသံဝဏ္ဏနာပါဌ်ဖြင့် ဝိဒ္ဓံသိတတ္တာ-အရ ကိလေသာတို့ကို ပယ်၏ဟူသည် ကာမကုသိုလ်ကဲ့သို့ တဒင်္ဂပဟာန်ဖြင့် ပယ်သည်မဟုတ်၊ မဟဂ္ဂုတ်ကုသိုလ်ကဲ့သို့ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သည်လည်းမဟုတ်၊ သမုစ္ဆေဒပဟာန်ဖြင့် ပယ်သည်၏အဖြစ်ကို (ဝါ) ကိလေသာတို့ကို သတ်၏ဟူသည် ဓားလက်နက်ဖြင့် သတ်သည်မဟုတ်၊ အရဟတ္တမဂ်ဖြင့် သတ်သည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ) (၁-မှတ်)

သဝါသနာနံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မဂ်ဖြင့်ကိလေသာတို့ကို ပယ်သတ်ရာ၌ အခြားသော ရဟန္တာအရှင်သူမြတ်တို့ကဲ့သို့ ကိလေသာတို့ကိုသာ ပယ်သတ်သည်မဟုတ်၊ ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်သတ်သည်၏အဖြစ်ကိုလည်းကောင်း၊ ဘုရားရှင်၏ အရဟံမည်သည်၏အဖြစ်သည် ဘုရားရှင်မှတပါးသော ခီဏာသဝပုဂ္ဂိုလ်တို့နှင့် မဆက်ဆံသည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ) (၁-မှတ်)

(ဂ)ဝါကျ အပေါင်းသံဝဏ္ဏနာပါဌ်ဖြင့် မြတ်စွာဘုရား၏ အလုံးစုံသောကိလေသာတို့မှ ဝေးတော်မူ၏-ဟူသည် တစိတ်တဒေသ, အရပ်ဒေသ, သာမညအားဖြင့် ဝေးသည် မဟုတ်၊ ဝါသနာနှင့်တကွ ကိလေသာတို့ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ဖျက်ဆီးတော်မူပြီးသည်၏ အဖြစ်ကြောင့် ဝေးတော်မူသည်၏အဖြစ်ကိုလည်းကောင်း၊ ယင်းသို့ အလုံးစုံသောကိလေသာတို့မှ ဝေးတော်မူသည်၏အဖြစ်ကြောင့် အရဟံမည်သည်၏အဖြစ်ကိုလည်းကောင်း၊ အရဟံ-ကား အာရကာ-ဟူလိုလျက် အာ-ကို အ-ပြုခြင်း၊ က-ကို ဟပြုခြင်း၊ နိဂ္ဂဟိတ်လာခြင်း နိရုတ္တိနည်းတို့ဖြင့် အရဟံဟု ရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (ဘာဝတ္ထ၊ သကတ္ထသံဝဏ္ဏနာ) (၃-မှတ်)

(ဃ)ဝါကျ ကိလေသာရယော-ဟူသောသံဝဏ္ဏနာပါဌ်ဖြင့် အရိနံ-၌ အရိ-အရ ပကတိရန်သူတို့ကို မယူရ ကိလေသာရန်သူတို့ကို ယူရမည်၏အဖြစ်ကို သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ) (၁-မှတ်)

တေ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့်- ယင်းကိလေသာရန်သူတို့ဟူသည်လည်း အသစ်ဖြစ်သောကိလေသာ ရန်သူတို့မဟုတ်၊ ရှေး၌ဆိုအပ်ခဲ့ပြီးသော ကိလေသာရန်သူတို့ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ) (၁-မှတ်)

မဂ္ဂေန-ဟူသောသံဝဏ္ဏနာပါဌ်ဖြင့်- ယင်းကိလေသာရန်သူတို့ကို ဓားလက်နက်ဖြင့် သတ်အပ်သည် မဟုတ်၊ အရဟတ္တမဂ်ဖြင့် သတ်အပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ) (၁-မှတ်)

(ဃ)ဝါကျ အပေါင်းသံဝဏ္ဏနာပါဌ်ဖြင့် အရဟံ-ကား အရိသဒ္ဒူပပဒ၊ ဟန-ဓာတ်၊ ကွိ-ပစ္စည်းဖြစ်၍ ကွိ-ပစ္စည်း၏ အတိတ်ကတ္တုသာဓနေ (အဝုတ္တကတ္တုသာဓနေ)၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊ (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ၊ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ)၊ အရယော ဟနိတ္တာတိ အရဟံ (အရယော ဟတာ အနေနာတိ အရဟံ)ဟု ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း (အဘိဓာနတ္ထသံဝဏ္ဏနာ)၊ အရိဟာ-ဟူလိုလျက် ရိ-၌ ဣ-ကို အ-ပြုခြင်း၊ နိဂ္ဂဟိတ်လာခြင်း နိရုတ္တိနည်းတို့ဖြင့် အရဟံ-ဟု ရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း၊ ကိလေသာရန်သူတို့ကို အရဟတ္တမဂ်ဖြင့် ပယ်သတ်ပြီးတော်မူသည်၏ အဖြစ်ကြောင့် အရဟံမည်သည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (ဘာဝတ္ထ၊ သကတ္ထသံဝဏ္ဏနာ) (၂-မှတ်)

**မှတ်ချက်။ ဗျဉ်တိရေကအာဘော်များ မပါလည်း လိုရင်းကြည့်၍ ဖြစ်သင့်ပါက အမှတ်ပေးပါသည်။**

**၇။ (က) ဝါကျ၌ ဝေဒိတဗ္ဗော/ဝေဒိတဗ္ဗံ, (ခ) ဝါကျ၌ ဋီတော/ဋီတော-ဟူ၍ ပါဠ်နှစ်ထွေစီရှိကြရာ သင့်ရာ ပါဠ်တို့ကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။**

**(အဖြေ) (က)ဝါကျ၌ ဝေဒိတဗ္ဗော/ဝေဒိတဗ္ဗံ-ဟု ပါဠ်နှစ်ထွေရှိရာ-**

**"ကိတကာဘိဓေယျလိင်္ဂါ"ဟူသော ပရိဘာသာနှင့် "အာချာတ်ဟူက၊ ဝါစက၊ ဝုစ်မျှကိုသာ ယူသ္ဖွာတည်း။ ကိတ်ကြိယာ၊ ဟူသည်မှာ၊ ဝါစ္စာ လိင်ဝုစ် ဟောမြဲတည်း။ ကြိယာမှာ၊ ကံ အာကာ၊ ဝါစာ ငဲ့မမြဲ"ဟူသော နိယံတို့အရ ကိတ်ကြိယာပုဒ်တို့သည် ဟောအပ်သောလိင်ပုဒ်နှင့် လိင်, ဝုစ် တူရမည်ဖြစ်သောကြောင့် လည်းကောင်း၊ ကံ, အာကာရ နှစ်မျိုးလုံးကိုငဲ့၍ လိင်, ဝုစ် ထားနိုင်၏ဟု မအူနိဿယ (တ၊ ၄၁၅)၌ ဆိုသောကြောင့်လည်းကောင်း၊ ဤ၌ ဝေဒိတဗ္ဗော-၏ ငဲ့ရာဖြစ်သော သော ဘဂဝါ-ဟူသော ဝုတ္တကံပုဒ် နှင့် အရဟံ-ဟူသော အာကာရပုဒ်တို့သည် ပုလ္လိင်, ဧကဝုစ်ချည်းသာဖြစ်သောကြောင့်လည်းကောင်း ယင်း ကံ, အာကာရ နှစ်မျိုးလုံးကို ငဲ့ကာ ပုလ္လိင်, ဧကဝုစ်ဖြင့်ရှိသော ဝေဒိတဗ္ဗော-ဟူသော ပါဠ်သာ သင့်ပါသည်။ (၆-မှတ်)**

**(ခ)ဝါကျ၌ ဋီတော/ဋီတောဟု ပါဠ်နှစ်ထွေရှိရာ-**

**ဌာ-ဓာတ်၊ တ-ပစ္စည်းဖြစ်၍ ဌာပါနမိဤ စ-သုတ်ဖြင့် ဌာ-ဓာတ်၏ အာ-ကို ဣ-ပြု၍ ရုပ်ပြီးသော ကြောင့် ဋီတော-ဟု ရှိသောပါဠ်သာ သင့်ပါသည်။ (၄-မှတ်)**

**၈။ (ဃ) ဝါကျလာ အရီနံ-ပုဒ်၌ ရထိုက်သော နယူပစာရကို ဆိုရိုးကျ ရေးပြခဲ့ပါ။**

**(အဖြေ) (ဃ) ဝါကျလာ အရီနံ-ပုဒ်၌ ရထိုက်သော နယူပစာရ**
**သဒိသဿ နာမံ သဒိသိမှိ ဥပစာရော ဝေါဟာရော သဒိသူပစာရော-ဟူသော ဝစနတ္ထနှင့်အညီ အတူဖြစ်သောအနက်၏ အမည်ကို အတူရှိသောအနက်၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် သဒိသူပစာ သဒ္ဒါ မည်၏။ ပြယုဂ်ကား (ဃ)ဝါကျလာ အရီနံ-တည်း။**
**ဤ၌ အရီနံ-ဟူသောသဒ္ဒါသည် အတူဖြစ်သော ပကတိရန်သူတို့၏ အရီနံ-ဟူသောအမည်ကို အတူရှိ သော ကိလေသာရန်သူတို့၌ တင်စား၍ အတူရှိသော ကိလေသာရန်သူတို့ကို အရီနံ-ဟုဆိုသောကြောင့် သဒိသူပစာသဒ္ဒါမည်၏။ (၅-မှတ်)**
**မှတ်ချက်။ အတူရှိ- ပကတိရန်သူ၊ အတူဖြစ် ကိလေသာရန်သူ-ဟု တင်လျှင်လည်း အမှတ်ပေးပါသည်။**

**ထို၌ ထင်သောအားဖြင့် ဤ၌ ခေါ်ဝေါ်အပ်သောနည်းသည် ရုဠှီနည်းမည်၏။**
**ပြယုဂ်ကား (ဃ)ဝါကျလာ အရီနံ-တည်း။**
**ဤ ပြယုဂ်၌ အရီနံ-ဟူသောနည်းသည် ပကတိရန်သူတည်းဟူသော ထို၌ထင်သောအားဖြင့် ကိလေ သာရန်သူတည်းဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ရုဠှီနည်းမည်၏။ (၅-မှတ်)**
**မှတ်ချက်။ နေယျတ္ထနည်း၊ အဘေဒနည်းများ ဖြေလျှင်လည်း အမှတ်ပေးပါသည်။**
**နည်း၊ ဥပစာ အမည်မျှသာ မှန်လျှင် ၂-မှတ်စီသာ ပေးပါသည်။**

၉။ အောက်ပါ မြန်မာဝါကျကို စုဏ္ဏိယပါဋ္ဌိဝါကျ စီကုံးပြခဲ့ပါ။

တစုံတခုသော ယုတ်ခြင်းသည် မနှိပ်စက်အပ်ဘဲ မကုန်သည်သာလျှင်ဖြစ်သော ထိုမြတ်သော အမျိုးကို ပယ်စွန့်တော်မူ၍ ယုံကြည်တော်မူ၍ ရဟန်းပြုတော်မူသော ဤသို့ ဆိုလိုသည် ဖြစ်၏။

(အဖြေ) ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏံယေဝ တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတောတိ ဝုတ္တံ ဟောတိ။ (ဠ၊ ၈၄) (၁၀-မှတ်)

၁၀။ (က) ဝါကျလာ မဂ္ဂေန-အရ ဣဓာဓိပ္ပေတတ္ထကို တိကျစွာ ကောက်ယူပြီးလျှင် ပဒဌာနဟာရနေတ္တိနည်း ဆိုရိုးကျ ထုတ်ဆောင်ပြခဲ့ပါ။

(အဖြေ) ပဒဌာနဟာရ-ဟူသော်ကား
ပဒဌာနံ ဝိစာရေတိ ဧတေနာတိ ပဒဌာနော၊ ပဒဌာနော စ သော ဟာရော စာတိ ပဒဌာနဟာရော-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ဟောအပ်သောတရား၏ ပဒဌာန်ကို ဩရုယှောရုယှအားဖြင့်လည်းကောင်း, အာရုယှာရုယှအားဖြင့်လည်းကောင်း စိစစ်ကြောင်းဖြစ်သောဟာရသည် ပဒဌာနဟာရမည်၏။ (၂-မှတ်)
အဘယ်သို့ စိစစ်သနည်းဟူမူကား (က)ဝါကျလာ မဂ္ဂေန-အရ ဣဓာဓိပ္ပေတတ္ထအားဖြင့် အရဟတ္တမဂ်ဉာဏ်ကို ယူ၍ (၂-မှတ်)
ထိုအရဟတ္တမဂ်ဉာဏ်၏ ပဒဌာန်ကား အောက်မဂ်အောက်ဖိုလ်ဉာဏ်တည်း။
ထို-၏ ပဒဌာန်ကား မဟာဝဇိရဉာဏ်တော်တည်း။
ထို-၏ ပဒဌာန်ကား အာနာပါနစတုတ္ထဈာန်တည်း။
ထို-၏ ပဒဌာန်ကား ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတည်း။
ထို-၏ ပဒဌာန်ကား မဟာဘိနီဟာရတည်း။
ထို-၏ ပဒဌာန်ကား မဟာကရုဏာတော်တည်း။
ထို-၏ ပဒဌာန် ကား ဒုက္ခိတသတ္တဝါ အပေါင်းတည်း။
ဤသို့ အောက်သက် ဩရုယှောရုယှအားဖြင့်လည်းကောင်း၊ (၃-မှတ်)
ထိုအရဟတ္တမဂ်ဉာဏ်သည် အရဟတ္တဖိုလ်ဉာဏ်၏ နီးစွာသောအကြောင်းတည်း။
ထို-သည် ပစ္စဝေက္ခဏာဉာဏ်၏ နီးစွာသောအကြောင်းတည်း။
ထို-သည် သဗ္ဗညုတဉာဏ်၏ နီးစွာသောအကြောင်းတည်း။
ထို-သည် သကလဗုဒ္ဓဂုဏ်၏ နီးစွာသောအကြောင်းတည်း။
ထို-သည် ဒေသနာဉာဏ်၏ နီးစွာသော အကြောင်းတည်း။
ထို-သည် ဝေနေယျသတ္တဝါတို့၏ ဟိတသုခ၏ နီးစွာသော အကြောင်းတည်း။
ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်လည်းကောင်း ပဒဌာန်ကို ထုတ်အပ်၏။ (၂-မှတ်)
ဤသို့လျှင် သုတ်၌ ဟောအပ်သောတရား၏ ပဒဌာန်ကို စိစစ်ခြင်းသည် ပဒဌာနဟာရမည်၏ဟု လိုသော်။ (၁-မှတ်)

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
**ဓမ္မာစရိယစာမေးပွဲ**
**ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ ။ ။ ဒုတိယနေ့မေးခွန်း**
၁၃၈၄-ခုနှစ်၊ ကဆုန်လဆန်း (၃)ရက်၊ (၂-၅-၂၀၂၂)၊ တနင်္လာနေ့
ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)
(သတိပြုရန်အချက်။ ။စာဖြေချိန် ၂-နာရီပြည့်မှ စာဖြေခန်းအတွင်းမှ ထွက်ခွာရန်)
**စာချတန်းရိုးရိုး**

(က) **အပညတ္တေ သိက္ခာပဒေတိ ပဌမပါရာဇိကသိက္ခာပဒေ အဋ္ဌပိတေ။**
(ခ) ဘဂဝတော/ဘဂဝတံ/ဘဂဝတာ ကိရ ပဌမဗောဓိယံ ဝီသတိ ဝဿာနိ ဘိက္ခူ စိတ္တံ အာရာဓယိံသု၊ န ဧဝရူပံ အဇ္ဈာစာရမကံသု။
(ဂ) တံ သန္ဓာယေဝ က္ကဒံ သုတ္တမာဟ "အာရာဓယိံသု ဝတ မေ ဘိက္ခဝေ ဘိက္ခူ ဧကံ သမယံ စိတ္တ"န္တိ။
(ဃ) အထ ဘဂဝါ အဇ္ဈာစာရံ အပဿန္တော ပါရာဇိကံ ဝါ သံဃာဒိသေသံ ဝါ န ပညပေသိ။

၁။ (က) အမှတ်ပြဝါကျကို အဋ္ဌပိတေ-၌ ဝိဘတျတ္ထ နှစ်နည်းကြံဆလျက်လည်းကောင်း၊ (ဃ) အမှတ်ပြဝါကျကို အထ-သဒ္ဒါ၏ က္ကမာဓိပ္ပေတတ္ထ ပေါ်လွင်စေလျက်လည်းကောင်း ကျနစွာ အနက်ယောဇနာပြခဲ့ပါ။

၂။ (ခ) အမှတ်ပြဝါကျကို အနုသန္ဓေ၊ (ဂ) အမှတ်ပြဝါကျကို အယုတ္တာဘောဂစောဒနာ ကျမ်းတက်ပြခဲ့ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)။

၃။ (ခ) (ဂ)အမှတ်ပြဝါကျတို့ကို အကြောင်းပြ၍ ဝါကျအမည်ပေးပြီးလျှင်၊ (ဃ)ဝါကျလာ ဘဂဝါ, အပဿန္တော ပုဒ်တို့ကို သဒ္ဒနယ စာစပ်ပြခဲ့ပါ။

၄။ (က) ဝါကျ၌ အပညတ္တ-ပုဒ်ကို အစိတ်, အပေါင်း ဝစနတ္ထပြု၍၊ အပေါင်းဝစနတ္ထကိုသာ မှန်ကန်စွာ ဉာသ်နည်းကောက်ပြခဲ့ပါ။

၅။ ဗောဓိ, သုတ္တ, ဘိက္ခူ-တို့၌ ဓာတ်, ပစ္စည်း၊ အကံသု, အာဟ-တို့၌ ဓာတ်, ဝိဘတ် အသီးသီး ဖော်ပြခဲ့ပါ။

၆။ (က) ဝါကျ၌ အဋ္ဌကထာဆရာ သိစေအပ်သော အာဘော်နှင့် သံဝဏ္ဏနာအမည်များကို တွဲစပ်ဖော်ပြခဲ့ပါ။

၇။ (ခ) ဝါကျ၌ ဘဂဝတော/ဘဂဝတံ/ဘဂဝတာ-ဟု ပါဠ်သုံးထွေရှိရာ သင့်ရာပါဠ်ကိုသာ အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၈။ (ခ) ဝါကျလာ စိတ္တံ-ပုဒ်၌ ရထိုက်သော နယူပစာရကို ဆိုရိုးကျ ရေးပြခဲ့ပါ။

၉။ အောက်ပါ မြန်မာဝါကျတို့ကို စုဏ္ဏိယပါဠိဝါကျ စီကုံးပြခဲ့ပါ။
လူတို့သည် ဝတ်မွတ်ခေါင်းပါး အစာရှားရာအခါ၌ အလွန်အကဲသာလျှင် ဖြစ်သောအားထုတ်ခြင်းရှိကုန်သည် ဖြစ်၍ ကောင်းမှုတို့ကို ပြုကြကုန်သည်မဟုတ်လော၊ မိမိသည် မစားမူ၍လည်း ရဟန်းတို့အား ပေးထိုက်၏ ဟူ၍ မှတ်ထင်ကြကုန်သည်မဟုတ်လော၊ ထိုလူတို့သည် အဘယ်ကြောင့် တစ်ယောက်ချိမျှသောဆွမ်းကို လည်း မပေးလှူကြကုန်သနည်း။

၁၀။ (ဃ) ဝါကျ၌ ဘဂဝါ-ဟူသောပုဒ်ကို ဝေဝစနဟာရနေတ္တိနည်း ဆိုရိုးကျ ထုတ်ဆောင်ပြခဲ့ပါ။

**တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ**
**(မေးခွန်းစာရွက်ပေါ်တွင် ခုံအမှတ်မှတစ်ပါး မည်သည့်စာမျှ မရေးရ)**

**၁၃၈၄ (၂၀၂၂)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ (ပါ) မေးခွန်းနှင့်အဖြေများ (၃)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
**ဓမ္မာစရိယစာမေးပွဲ**
**ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ ။ ။ ဒုတိယနေ့ မေးခွန်းနှင့်အဖြေ**
၁၃၈၄-ခုနှစ်၊ ကဆုန်လဆန်း (၃)ရက်၊ (၂-၅-၂၀၂၂)၊ တနင်္လာနေ့

★★★★★★★★

၁။ (က) အမှတ်ပြဝါကျကို အဋ္ဌပိတေ-၌ ဝိဘတ္တျတ္ထ နှစ်နည်းကြံဆလျက်လည်းကောင်း၊ (ဃ) အမှတ်ပြဝါကျကို အထ-သဒ္ဒါ၏ ဣမာဓိပ္ပေတတ္ထ ပေါ်လွင်စေလျက်လည်းကောင်း ကျနစွာ အနက်ယောဇနာပြခဲ့ပါ။

(ဖြေ) (က) အပညတ္တေ သိက္ခာပဒေတိ- အပညတ္တေ သိက္ခာပဒေ-ဟူသည်ကား၊ ပဌမပါရာဇိကသိက္ခာပဒေ- ပဌမပါရာဇိကသိက္ခာပုဒ်ကို၊ အဋ္ဌပိတေ- ထားတော်မမူအပ်သေးမီ၊ **(၂-မှတ်)** (ဝါ) ထားတော်မမူအပ် သေးသည်၏အဖြစ်ကြောင့်။ **(၂-မှတ်) (ဘာဋီ၊ ဒု-၂၃၄)**

(ဃ) အထ- ထိုပဌမဗောဓိဝယ် ဝါတော်နှစ်ဆယ်အတွင်း၌၊ **(၂-မှတ်)** ဘဂဝါ- သည်၊ အဇ္ဈာစာရံ- လွန်ကျူးမှုကို၊ အပဿန္တော- မြင်တော်မမူရသည်၊ ဟုတွာ- ဖြစ်၍၊ ပါရာဇိကံ ဝါ- ပါရာဇိကသိက္ခာပုဒ်ကို လည်းကောင်း၊ သံဃာဒိသေသံ ဝါ- သံဃာဒိသိသ်သိက္ခာပုဒ်ကိုလည်းကောင်း၊ န ပညပေသိ- ပညတ်တော် မမူ။ **(၄-မှတ်) (ဘာဋီ၊ ဒု-၂၃၅)**

၂။ (ခ) အမှတ်ပြဝါကျကို အနုသန္ဓေ၊ (ဂ) အမှတ်ပြဝါကျကို အယုတ္တာဘောဂစောဒနာ ကျမ်းတက်ပြခဲ့ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)။

(ဖြေ) **(ခ) ဝါကျ အနုသန္ဓေ ကျမ်းတက်ပုံ---**
ဤသို့ (က) ဝါကျဖြင့် အပညတ္တေ သိက္ခာပဒေ-ဟူသည် ပဌမပါရာဇိကသိက္ခာပုဒ်ကို မပညတ်ရသေး သော အချိန်ကာလပင်တည်းဟု ပြဆိုတော်မူပြီး၍ (တစ်နည်း) အပညတ္တေ-၌ သိက္ခာပဒ- အရ ပဌမပါရာဇိကသိက္ခာပုဒ်ကို ယူရမည်ကိုလည်းကောင်း၊ အပညတ္တေ-၌ ပပုဗ္ဗ+ဉပဓာတ်၏ နိကွေပန (ဝါ) ထပနအနက်ကို ဟောသည်ကိုလည်းကောင်း ပြဆိုတော်မူပြီး၍၊
ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင် အန္ဒယ, ဗျတိရေကအားဖြင့် ထင်ရှားပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) ဝါကျကို မိန့်ဆိုတော်မူ၏။ (၄-မှတ်)

**(ဂ) ဝါကျ အယုတ္တာဘောဂစောဒနာ ကျမ်းတက်ပုံ---**
အဋ္ဌကထာဆရာ ဆရာသည် (ခ) ဝါကျဖြင့် မြတ်စွာဘုရား၏ ပဌမဗောဓိ ဝါနှစ်ဆယ်ပတ်လုံး ရဟန်းတို့ သည် ဤကဲ့သို့သဘောရှိသော မေထုန်လွန်ကျူးမှုကို မပြုကြကုန်ဘဲ စိတ်တော်ကို နှစ်သက်စေကြကုန်ပြီဟု ဖွင့်ပြတော်မူအပ်၏။ (ဌပနာ) (၂-မှတ်)
ထိုစကား အဘယ်သို့သော သာကေဖြင့် သင့်နိုင်ပါအံ့နည်း။ **(စောဒနာ)** (၂-မှတ်)
ထိုပဌမဗောဓိဝါနှစ်ဆယ်၌လည်း ရဟန်းတော်တို့သည် ဤသို့သဘောရှိသော မေထုန်လွန်ကျူးမှုကို လွန်ကျူး နိုင်ကောင်းရာသည် မဟုတ်ပါလော။ (အာဘော်) (၂-မှတ်)
ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) ဝါကျကို မိန့်ဆိုတော်မူ၏။ **(မှတ်ချက်။ ။ ဒေါသတင်ပါလျှင်လည်း အမှတ်ပေးပါသည်)။**

## (ဂ) ၁၃၈၄ (၂၀၂၂)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ (ပါ) မေးခွန်းနှင့်အဖြေများ

၃။ (ခ) (ဂ)အမှတ်ပြဝါကျတို့ကို အကြောင်းပြ၍ ဝါကျအမည်ပေးပြီးလျှင်၊ (ဃ)ဝါကျလာ ဘဂဝါ, အပသာဒေန္တော ပုဒ်တို့ကို သဒ္ဒနယ စာစပ်ပြခဲ့ပါ။

**(ဖြေ)** (ခ) စသော ဝါကျတို့သည် (က) ဝါကျလာ စကားရပ်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ (၂-မှတ်)
ထိုတွင် (ခ) ဝါကျသည် အသင့်ယုတ္တိကို ပြသောကြောင့် ယုတ္တိဒဋီကရဏဝါကျ (၂-မှတ်)
(ဂ) ဝါကျသည် အာဂမကို ပြသောကြောင့် အာဂမဒဋီကရဏဝါကျ။ (၂-မှတ်)
**(ဃ) ဝါကျ ဘဂဝါ, အပသာဒေန္တောပုဒ်တို့ သဒ္ဒနယ စာစပ်ပုံ-----**
ဘဂဝါ-ကား သည်ဟူ၍ အနက်ပေးသောကြောင့် န ပညပေသိ-၌ ပကတိကတ္တား၊ န ပညပေသိ-ကား ပကတိကတ္တား၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။ (၂-မှတ်)
အပသာဒေန္တော-ကား သည်ဟူ၍ အနက်ပေးသောကြောင့် န ပညပေသိ-၌ ဝိကတိကတ္တား၊ န ပညပေသိ-ကား ဝိကတိကတ္တား၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။ (၂-မှတ်)

၄။ (က) ဝါကျ၌ အပညတ္တ-ပုဒ်ကို အစိတ်, အပေါင်း ဝဇနတ္ထပြု၍၊ အပေါင်းဝဇနတ္ထကိုသာ မှန်ကန်စွာ ညှိသန်းကောက်ပြခဲ့ပါ။

**(ဖြေ) အပညတ္တ-ပုဒ် အစိတ်, အပေါင်း ဝဇနတ္ထ၊ ညှိသကောက်ပုံ**
ပညာပီယတေတိ ပညတ္တံ။ (ပညာပီယိတ္ထာတိ ပညတ္တံ) (အစိတ်) (၂-မှတ်)
န ပညတ္တံ အပညတ္တံ။ (အပေါင်း) (၂-မှတ်)
(ပညတ္တံ၊ ပညတ်တော်မူအပ်သည်။ န၊ မဟုတ်။ အပညတ္တံ၊ ပညတ်တော်မူအပ်သည်မဟုတ်။ န ပညတ္တံ-ကား ကမ္မဓာရာယ်သမာသ်ဝိဂြိုဟ်၊ အပညတ္တံ-ကား ကမ္မဓာရာယ်သမာသ်ပုဒ်၊ နပုဒ်, ပညတ္တပုဒ်။)
န-ဟူသော ဝိသေသနပုဒ်၏အရကား သဒိသဘောဂဏ်သည် မုချအားဖြင့် ရ၏။ (၂-မှတ်)
ထို-၏ မပညတ်အပ်သေးသော သိက္ခာပုဒ်နှင့် ဂုဏ်, ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရအားဖြင့် ရ၏။ (၂-မှတ်)
အပညတ္တံ-ဟူသော သမာသ်ပုဒ်လုံး၏ အရကား ပညတ်အပ်ပြီးသော သိက္ခာပုဒ်နှင့် အလားတူသော မပညတ်အပ်သေးသော သိက္ခာပုဒ်ရ၏။ (၂-မှတ်)
**မှတ်ချက်။** န-အရ ပဋိသေဓဘောဂဏ်ကို ကောက်လျှင်လည်း အမှတ်ပေးရန်။

၅။ ဗောဓိ, သုတ္တ, ဘိက္ခု-တို့၌ ဓာတ်, ပစ္စည်း၊ အကံသု, အာဟ-တို့၌ ဓာတ်, ဝိဘတ် အသီးသီး ဖော်ပြခဲ့ပါ။

**(ဖြေ) ဓာတ်, ပစ္စည်း, ဝိဘတ် ခွဲပုံ---**

| | | |
|---|---|---|
| ဗောဓိ | - ဗုဓ-ဓာတ်၊ ဣ-စွည်း။ | (၂-မှတ်) |
| သုတ္တ | - သူစ-ဓာတ်၊ တ-ပစ္စည်း။ | (၂-မှတ်) |

**(သုပုပ္ဗ ဥစ+တ၊ သု+တ၊ သုပုပ္ဗ တာ+တ၊ သူဒ+တ- တစ်နည်းနည်းဖြေလျှင်လည်း အမှတ်ပေးရန်)။**

| | | |
|---|---|---|
| ဘိက္ခု | - ဘိက္ခ-ဓာတ်၊ ရူ-ပစ္စည်း။ | (၁-မှတ်) |
| (တစ်နည်း) | - ဘယသဒ္ဒူပပဒ ဣက္ခ-ဓာတ်၊ ရူ-ပစ္စည်း။ | (၁-မှတ်) |
| အကံသု | - ကရ-ဓာတ်၊ ဥံ-ဝိဘတ်။ | (၂-မှတ်) |
| အာဟ | - ဗြူ-ဓာတ်၊ ပရောက္ခာ အ-ဝိဘတ် (တစ်နည်း) တိ-ဝိဘတ်။ | (၂-မှတ်) |

၆။ (က) ဝါကျ၌ အဋ္ဌကထာဆရာ သိစေအပ်သော အာဘော်နှင့် သံဝဏ္ဏနာအမည်များကို တွဲစပ်ဖော်ပြခဲ့ပါ။

**(ဖြေ) (က) ဝါကျ အာဘော်+သံဝဏ္ဏနာ**
(က) ဝါကျ **ပထမပါရာဇိကသိက္ခာပဒေ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့်** အပညတ္တေ သိက္ခာပဒေ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ သိက္ခာပဒ-အရ သိက္ခာပုဒ်အားလုံးကို မယူရ၊ ပထမပါရာဇိကသိက္ခာပုဒ်ကို

ယူရမည်၏အဖြစ်ကို သိစေပါသည်။ **(အဘိဓေယျတ္ထသံဝဏ္ဏနာ)** (၃-မှတ်)
**အဋ္ဌပိတေ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့်** ပညတ္တေ-၌ ပ-ဥပသာရသည် ဓာတွတ္ထဗာဓကမဟုတ်၊ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုလည်းကောင်း **(ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ)** (၁-မှတ်)
ဉ ပ-ဓာတ်သည် ဤ၌ တောသန, နိသာန-အနက်တို့ကို မဟော၊ နိက္ခိပနအနက် (ဝါ) ထပနအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း **(ဒုတိယဓာတွတ္ထသံဝဏ္ဏနာ)** (၃-မှတ်)
တ-ပစ္စည်းသည် ကတ္တားအနက်၌မသက်၊ ကံအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း
**(ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ)** (၁-မှတ်)
သိက္ခာပဒေ- ပဌမပါရာဇိကသိက္ခာပုဒ်ကို၊ အပညတ္တေ- ထားတော်မမူအပ်သေးမီ-ဟု အတ္ထတ္တမအားဖြင့် အနက်သမ္ဗန်ရမည်အဖြစ်ကိုလည်းကောင်း **(အဓိပ္ပါယတ္ထ၊ ဘာဝတ္ထ၊ သမ္ဗန္ဓသံဝဏ္ဏနာ)** သိစေပါသည်။
(၂-မှတ်)

၇။ (ခ) ဝါကျ၌ ဘဂဝတော/ဘဂဝတံ/ဘဂဝတာ-ဟု ပါဠ်သုံးထွေရှိရာ သင့်ရာပါဠ်ကိုသာ အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

**(ဖြေ) သင့်ရာပါဠ်ကိုသာ အကြောင်းပြ ဖြေပုံ---**
ဘဂဝါ-အရ ဂေါတမမြတ်စွာဘုရားတစ်ပါးကိုသာ ယူရမည်ဖြစ်သောကြောင့်လည်းကောင်း၊ ပဌမ ဗောဓိယံ-နှင့် စိတ္တံ-တို့၌ သာမိ/သံအဖြစ်ဖြင့် စပ်ရမည်ဖြစ်သောကြောင့်လည်းကောင်း (၅-မှတ်)
ဆဋ္ဌီဧကဝုစ်သ-ဝိဘတ်ဖြင့်ပြီးသော ဘဂဝတော-ဟူသောပါဠ်သာ သင့်ပါသည်။ (၅-မှတ်)

၈။ (ခ) ဝါကျလာ စိတ္တံ-ပုဒ်၌ ရထိုက်သော နယူပစာရကို ဆိုရိုးကျ ရေးပြခဲ့ပါ။

**(ဖြေ) စိတ္တံ-ပုဒ်၌ ရထိုက်သော နယူပစာရ---**
ဧကဒေသိနော နာမံ ဧကဒေသမှိ ဥပစာရော ဝေါဟာရော ဧကဒေသျူပစာရော-ဟူသော ဝစနတ္ထ နှင့်အညီ အပေါင်း၏အမည်ကို အစိတ်၌တင်စား၍ ခေါ်ဝေါ်အပ်သောသဒ္ဒါသည် ဧကဒေသျူပစာ သဒ္ဒါမည်၏။ ပြယုဂ်ကား စိတ္တံ-ဟူသည်တည်း။ ဤ၌ စိတ္တံ-ဟူသောသဒ္ဒါသည် အပေါင်းဖြစ်သော စိတ်အားလုံးတို့၏ စိတ္တ-ဟူသောအမည်ကို အစိတ်ဖြစ်သော မြတ်စွာဘုရား၏ စိတ်တော်၌ တင်စား၍ ခေါ်ဝေါ်အပ်သောကြောင့် ဧကဒေသျူပစာသဒ္ဒါမည်၏။ (၅-မှတ်)

ထို၌ ထင်သောအားဖြင့် ဤ၌ ခေါ်ဝေါ်အပ်သောနည်းသည် ရုဠှီနည်းမည်၏။ ပြယုဂ်ကား စိတ္တံ-ဟူသည်တည်း။ ဤ၌ စိတ္တံ-ဟူသောနည်းသည် ပုဂ္ဂိုလ်အားလုံးတို့၏ စိတ်ဟူသော ထို၌ ထင်သောအားဖြင့် မြတ်စွာဘုရား၏ စိတ်တည်းဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ရုဠှီနည်းမည်၏။ (၅-မှတ်)

**(တစ်နည်း)** ဧကဒေသဿ နာမံ ဧကဒေသိမှိ ဥပစာရော ဝေါဟာရော ဧကဒေသူပစာရော-ဟူသော ဝစနတ္ထနှင့်အညီ အစိတ်၏အမည်ကို အပေါင်း၌ တင်စား၍ ခေါ်ဝေါ်အပ်သောသဒ္ဒါသည် ဧကဒေသူ ပစာသဒ္ဒါမည်၏။ ပြယုဂ်ကား စိတ္တံ-ဟူသည်တည်း။ ဤ၌ စိတ္တံ-သဒ္ဒါသည် အစိတ်ဖြစ်သော စိတ်၏ စိတ္တ-အမည်ကို အပေါင်းဖြစ်သော စိတ်, စေတသိက် နှစ်ပါးစုံ၌ တင်စား၍ ခေါ်ဝေါ်အပ်သောကြောင့် ဧကဒေသူပစာသဒ္ဒါမည်၏။ (၅-မှတ်)

ပြဋ္ဌာန်းသည်ကို ဆိုသဖြင့် မပြဋ္ဌာန်းသည်ကိုလည်းရသောနည်းသည် ပဓာနနည်းမည်၏။ ပြယုဂ်ကား စိတ္တံ-ဟူသည်တည်း။ ဤ၌ စိတ္တံ-ဟူသောနည်းသည် ပြဋ္ဌာန်းသော စိတ်ကိုဆိုသဖြင့် မပြဋ္ဌာန်းသော စေတသိက်ကိုလည်းရသောကြောင့် ပဓာနနည်းမည်၏။ (နိဒဿနနည်း၊ ဥပလက္ခဏနည်းများလည်း ရနိုင်၏)။ (၅-မှတ်)
**မှတ်ချက်။ ။ မည်သည့်နည်းဖြင့် ဖြေဖြေ မှန်လျှင် အမှတ်ပေးပါသည်။**

## (၁၀) ၁၃၈၄ (၂၀၂၂)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ (ပါ) မေးခွန်းနှင့်အဖြေများ

၉။ အောက်ပါ မြန်မာဝါကျတို့ကို စုဏ္ဏိယပါဠိဝါကျ စီကုံးပြခဲ့ပါ။

လူတို့သည် ဝတ်မွတ်ခေါင်းပါး အစာရှားရာအခါ၌ အလွန်အကဲသာလျှင် ဖြစ်သောအားထုတ်ခြင်းရှိကုန်သည် ဖြစ်၍ ကောင်းမှုတို့ကို ပြုကြကုန်သည်မဟုတ်လော၊ မိမိသည် မစားမူ၍လည်း ရဟန်းတို့အား ပေးထိုက်၏ ဟူ၍ မှတ်ထင်ကြကုန်သည်မဟုတ်လော၊ ထိုလူတို့သည် အဘယ်ကြောင့် တစ်ယောက်ချိမ့်သောဆွမ်းကို လည်း မပေးလှူကြကုန်သနည်း။

**(ဖြေ)** နနု စ မနုဿာ ဒုဗ္ဘိက္ခကာလေ အတိ ဝိယ ဥဿာဟဇာတာ ပုညာနိ ကရောန္တိ၊ အတ္တနာ အဘုဥ္ဇိတွာပိ ဘိက္ခူနံ ဒါတဗ္ဗံ မညန္တိ၊ တေ ကသ္မာ ကဋစ္ဆုဘိက္ခမ္ပိ န အဒံသု။ (ဝိ၊ ၄-၁၊ ၁၄၇) (၁၀-မှတ်)

၁၀။ (ဃ) ဝါကျ၌ ဘဂဝါ-ဟူသောပုဒ်ကို ဝေဝစနဟာရနေတ္တိနည်း ဆိုရိုးကျ ထုတ်ဆောင်ပြခဲ့ပါ။

**(ဖြေ) (ဃ) ဝါကျ၌ ဘဂဝါ-ဟူသောပုဒ်ကို ဝေဝစနဟာရနေတ္တိနည်း ထုတ်ပုံ---**

ဝေဝစနံ ယောဇေတိ ဧတေနာတိ ဝေဝစနော၊ ဝေဝစနော စ သော ဟာရောစာတိ ဝေဝစနဟာရော-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသော တစ်ခုတည်းသောတရားကို များစွာသော ဝေဝုစ်တို့ဖြင့် ယှဉ်စေကြောင်းဖြစ်သောဟာရသည် ဝေဝစနဟာရမည်၏။ (၃-မှတ်)

ယှဉ်စေဟန်ကား- ဗုဒ္ဓေါ, ဒသဗလော, သတ္ထာ, သဗ္ဗညူ, ဒွိပဒုတ္တမော-စသည်တည်း။ (၅-မှတ်)

ဤသို့လျှင် သုတ်၌လာသော တစ်ခုတည်းသောပုဒ်ကို များစွာသော ဝေဝုစ်တို့ဖြင့် ယှဉ်စေကြောင်းဖြစ် သောဟာရသည် ဝေဝစနဟာရမည်၏-ဟူလိုသော်။ (၂-မှတ်)

☆☆☆☆☆☆☆☆